၂၇၀၁

ရန်ကုန်မြို့

ဘုရားကြီးဆရာတော်

အဂ္ဂမဟာပဏ္ဍိတ-ဘဒ္ဒန္တကောဏ္ဍည

၏

# ကောဏ္ဍညတ္ထေရာပဒါန်

နှင့်


## ဂုဏဝဏ္ဏနာများ

☆

ရန်ကုန်မြို့

ဟံသာဝတီပိဋကတ်ပုံနှိပ်တိုက်

၁၉၅၇



ရန်ကုန်မြို့
အဂ္ဂမဟာပဏ္ဍိတ-ဘဒန္တကောဏ္ဍည
ဘုရားကြီးဆရာတော်မဟာထေရ
ပုံတော်။

# နိဒါန်း

ဘဝနတ်ထံ ပုံလွှန်တော်မူသော ကျေးဇူးတော်ရှင် ရန်ကုန်မြို့ဘုရားကြီးတိုက်သံဃနာယက အဂ္ဂမဟာပဏ္ဍိတ ဆရာတော်ဘုရားကြီး၏ ညီတော်အရင်း ဟံသာဝတီခရိုင် ခရမ်းမြို့နယ် ဝမ်းပိုင်းရွာကျောင်း ဆရာတော်-အရှင်သဒ္ဓမ္မနှင့် ပုံလွှန်တော်မူသော ဆရာတော် ဘုရားကြီး၏ သားချင်းဆွေမျိုးတစုတို့၏-ရှိသေညွှတ်ပျောင်း တောင်းပန်ခြင်းကိုအရင်းပြုလျက် ရန်ကုန်မြို့ဘုရားကြီးတိုက် တိုက်အုပ် စာချ ဘုန်းတော်ကြီး **အသျှင်အာစိဏ္ဏဓေန်** ရေးသားအပ်သော ဤ **ဘဒ္ဒန္တကောဏ္ဍညတ္ထေရာပဒါန်** အကျဉ်းချုပ် စာတမ်းနှင့် **ဂုဏဝဏ္ဏနာများကို** ဟံသာဝတီသတင်းစာ တိုက်ပိုင်ရှင်များက ပူဇော်သောအားဖြင့် ကျေးဇူးရှင် ဆရာတော် ဘုရားကြီး၏ ဈာပနပွဲမှ ဖြန့်ချိ ဝေငှအပ်ပါ သတည်း။

**"ဟံသာဝတီ"**

---

# မာတိကာ


| ဦးရေ | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၁။ | ကောဏ္ဍညတ္ထေရာပဒါန် | ... | ၅ |
| ၂။ | မဟာပညာဗလ,ပါဠိပါမောက္ခ,စာပြင်မှူးချုပ် ဆရာညွှာ သီကုံး ဖွဲ့ဆိုအပ်သော ဇာတကဂီတိ ဂါထာများ | ... | ၁၇ |
| ၃။ | မဟာပညာဗလ,ပဌမကျော် ဦးကြီးဖေ ချီးကျူးသည့် ဇာတဝဏ္ဏနာဂါထာများ | ... | ၂၂ |
| ၄။ | ဒုတိယစာပြင်မှူးချုပ် ဝဏ္ဏကျော်ထင်ဦးဘသန်း ဖွဲ့ဆိုသည့် သံဝေဂဂါထာနှင့်ကဗျာများ | ... | ၂၅ |
| ၅။ | နိုင်ငံတော် ဗုဒ္ဓသာသနအဖွဲ့၊ ပိဋကတ်တော် မြန်မာပြန်ဌာန, စာတည်း အယ်ဒီတာကြီး ဆရာကြီး ဦးထွန်းအောင်ရေးသားစီကုံးသည့် ဧယာဉ်ကျူးနှင့် ဝိုချင်းများ | .... | ၃၂ |
| ၆။ | ဦးစိန်မောင် ရေးသားသော ဇာတဝဏ္ဏနာ ဂါထာများ | .... | ၄၃ |
| ၇။ | (ဓမ္မစရိယ)ပါဠိဆရာ ဆရာတင် ရေးသားသော ပါဠိမိဿက ၈၀-ပေါ် တေးထပ် | ... | ၄၆ |
| ၈။ | ရောဝတီတိုင်း သာသနာရေး အရာရှိ ဦးစိုးဝင်း ရေးသားသော ဘုန်းတော်ဘွဲ့ ၈၀-ပေါ် တေးထပ် | .... | ၄၇ |
| ၉။ | အောက်မြန်မာပြည် သာသနာရေးအရာရှိ ဓမ္မာစရိယ ဦးစိုးမြင့် ရေးသားသော လေးချိုးကြီး | ... | ၄၈ |

ဆရာတော်များအဖွဲ့ ဥက္ကဋ္ဌ၊ရန်ကုန်မြို့ဘုရားကြီးတိုက် ဦးစီးနာယက၊အဂ္ဂမဟာပဏ္ဍိတ၊ဂဏပါမောက္ခ၊မဟာနာယက၊ ပရိယတ္တိဆေက၊ ဝိသာရဒ၊ နာနာနယကောဝိဒ၊ လင်္ကာ-ပေသလ၊ သိက္ခာကာမ ဂုဏ်တို့နှင့် ပြည့်စုံတော်မူသော ကျေးဇူးတော်သခင် ဘုရားကြီးတိုက် ဆရာတော် “ဘဒ္ဒန္တကောဏ္ဍည” မဟာထေရ် အသျှင် သူမြတ် ကြီးသည် ဟံသာဝတီခရိုင် ခရမ်းမြို့အပိုင် ညောင်ပင်ရွာ၌ ဥပါသကာဂုဏ် ပြည့်စုံမောက်ကြူး ဦးကျောက်ဖူး— ဒေါ်ရွှေရင် မယ်တော်, ခမည်းတော်တို့မှ ၁၂၄၈-ခု ဥတု ဟေမန္တ ပြာသို လဆန်း ၁၀-ရက် တနင်းလာနေ့ နံနက် ပဟိုရ် ၂-ချက် အချိန်တွင် မီးရှူးသန့်စင် ဖွားမြင်တော်မူခဲ့ပေသည်၊ ရှင်ကြည်မျက်နှာ ဆင်းဝါဥပမိ ပြည့်စုံစွာရှိသဖြင့် ဉာတိမိတ္တ မြင်သမျှသူ ကြည်ဖြူမဝ မြတ်နိုးကြသောကြောင့် “မောင်ကျော်လှ”ဟု အမည်ပညတ် သတ်မှတ်ခေါ်ဝေါ်ခြင်းကို ပြုခဲ့ကြကုန်သည်။

### ဆရာ့ထံရင်း အပ်နှံခြင်း

အတိဇာတ ချစ်မဝသော သားလှနုနယ် ခြောက်နှစ်ရွယ်မှာ နှစ်သွယ်သော မိဘတို့က ပြည့်ဝပညာ တတ်ပါစေကြောင်းဖြင့် ညောင်ပင်ရွာ သုံးထပ်ကျောင်း၌ ကိန်းအောင်းတော်မူသော ဖားကူးဂိုဏ်းလုံးဆိုင်ရာ စာချွန်တော်ရ ဂိုဏ်းထောက်ဆရာတော် အသျှင်တေဇဝန္တ မဟာထေရ်၏ ထံတော်ရင်း၌ အပ်နှင်းခဲ့ကြရာ၊ ဆရာ၏ စကား နာကြားဆောင်ရွက်လျက် ဇဝန တိက္ခ ဟာသဂမ္ဘီ စုံညီထက်မြက် သွက်လက် ဖြတ်လတ်ခြင်း အကြောင်း

ရင်းတို့ကြောင့် ကျောင်းသားသူငယ် ဘဝကပင် ဆရာ၏ ချီးကျူးခြင်းကို အထူးခံခဲ့ရပေသည်။

## ပဗ္ဗဇ္ဇာ မင်္ဂလာနှင့် ရှင်ကောဏ္ဍညအမည်မှည့်ခြင်း

ကျောင်းသား အပေါင်း၌ ဉာဏ်ကောင်းလှစွာသော ဆရာတော်၏ အလောင်းအလျာသူငယ် ၁၄-နှစ်အရွယ် မှာ နှစ်ဖြာသော မိဘတို့က ရှစ်ဝပရိက္ခရာ လေးဖြာသော ပစ္စည်းကို အသီးအသီးချီးမြှောက်၍ ရှင်သာမဏေအဖြစ် သို့ ရောက်ခဲ့သော် ဥပဇ္ဈာယ် ဆရာတော် အသျှင် တေဇဝန္တထေရ်သည်“ရှင်ကောဏ္ဍည”ဟု ခေါ်ဝေါ်ခြင်း ပြု၍ သာမဏေဘဝ၌ပင် သဒ္ဒါကြီး, သင်္ဂဟ, သဒ္ဒါငယ်, ဆန်း,အဘိဓာန်,အလင်္ကာ,မာတိကာ,ဓာတုကထာ-စသော နေ့ဝါ, ညဝါအောက် အခြေခံစာများကို မနေမနား ကြိုး စားထုံမှုံ အာဂုမ်ဆောင်ခြင်းဖြင့် အခြေပြုတော်မူခဲ့သည်။

## ဥပသမ္ပဒမင်္ဂလာပြုခြင်း

ထိုကဲ့သို့ အောက်စာငယ်များအခြေပွား၍ ရှင်ကောဏ္ဍည သာမဏေ ၁၉-နှစ် အရွယ်သို့ ရောက် သော အခါ ၁၂၆၇-ခုနှစ် ဥတုဟေမန္တ တပေါင်းလဆန်း ၁၃-ရက်နေ့ ၌ ညောင်ပင်ရွာ သုံးထပ်ကျောင်း ခဏ္ဍသိမ်တော်ကြီးဝယ် ဂိုဏ်းထောက် ဆရာတော် အသျှင် တေဇဝန္တ ထေရ်ကိုပင် ဥပဇ္ဈာယ်ပြု၍ မြေပိုင်ရှင် ဦးလုံထော်-ဒေါ်ညိုပုတို့က နှစ် သက်မှုပီတိ ထက်သန်သည့် စေတနာဖြင့် ရှစ်ဖြာသော ပရိက္ခရာတို့ကို လှူဒါန်းချီးမြှောက်၍ မြင့်မြတ်သောအထက် တန်း ရဟန်းတော်အဖြစ်သို့ ရောက်တော်မူလေသည်။

ထိုစဉ်အခါဂိုဏ်းထောက်ဆရာတော်အသျှင်တေဇဝန္တ ထေရ်နှင့်တကွ စာချဘုန်းကြီး ဦးသြဘာသ, ဦးနန္ဒမေဓာ, ဦးရေဝတ အရှင်တို့ထံ၌ ကစ်္ဂါ, ငိုကာကျော်, ယမိုက်, ပဋ္ဌာန်း,သုံးချက်စု,ရာသီစု စသော ကျမ်းကြီးတို့ကို ၄-ဝါ ပတ်လုံး သင်ယူအားထုတ်တော်မူသည်။

## မန္တလေးပညာတော်သင်ကြွတော်မူခြင်း

ရဟန်းတော် အရှင် ကောလ္လာညသည် နေ့ညဥ့် မပျက် သင်ဆောင်လေ့ကျက်၍ သက္ကရာဇ် ၁၂၇၂-ခုနှစ် သိက္ခာ တော် ၄-ဝါပြည့်ခဲ့သော် ဆရာတော်၏ခြေတော်ရင်းမှခွါ၍ ယင်း-ခုနှစ်ဆောင်းဥတု နတ်တော်လ လောက်တွင် ပညာ တော်သင်ကြားရန် မန္တလေးမြို့ဘုရားကြီးတိုက်ဆရာတော်-ဦးဉာဏထံသို့ဥပဇ္ဈာယ်ဆရာတော်က အပ်နှင်းလိုက်သဖြင့် ယင်းဘုရားကြီးတိုက်၌ ဆရာတော် ဦးဉာဏ, ဆရာတော် ဦးဇာဂရ,ရွှေရေးဆောင် ဆရာတော် ဦးကြည်တို့၏အထံ၌ တနှစ်တိုင်တိုင် ပညာရင်နို့သောက်စို့မှီဝဲတော်မူသည်။

ထို့နောက် တောင်ငူခရိုင် ရေတာရှည်မြို့ ပုဂံတောင် တောရ၌ သီတင်းသုံးတော်မူခိုက်ဖြစ်သော ဥပဇ္ဈာယ်ဆရာ တော်၏အထံသို့ တဖန်ပြန်ရောက်၍ ၁၂၇၄-ခုနှစ် တောင် ငူမြို့ မြို့ရိုးတိုက် ဆရာတော် အရှင်တိက္ခမဟာထေရ်အထံ၌ ၁၂၇၅-ခုနှစ်တိုင်အောင် ၂-ဝါမျှ မှီဝဲဆီးကပ် သင်ကြား တော်မူပြန်သည်။

## ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက်တော်ကြီးသို့ ဆိုက်ရောက်တော်မူခြင်း

ထို့နောက် ဥပဇ္ဈာယ် ဆရာတော်နှင့် စာချ ဘုန်းကြီး ဦးရေဝတ, ဦးနန္ဒမေဓာ, ပခုက္ကူတိုက် စာချဘုန်းကြီး

ဦးပညာတို့ တိုက်တွန်းချက် အရ ၁၂၇၆-ခုနှစ်သို့ အဝင် ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက် ရေစကြိုလ် ကိုးဂိုဏ်းချုပ် ဆရာတော်အသျှင် ဂန္ဓသာရ-မဟာထေရ်ကြီး၏ခြေတော် ရင်း၌ ပညာရင်နို့ သောက်စို့ရန် ခိုလှုံခဲ့လေသည်၊ ယင်း မဟာဝိသုတာရာမတိုက်၌ ဆရာတော်ကြီးနှင့်တကွ ဂဏာဝါ-စက ဖြစ်တော်မူကြသော ဆရာတော် အသျှင်ပညာ မဟာ ထေရ်နှင့် ဆရာတော်အသျှင်နန္ဒဝံသ မဟာထေရ်တို့ထံ၌ ဆိုဝါ,လိုက်ဝါထား၍ ပါဠိတော်,အဋ္ဌကထာ,ဋီကာ,အနု, မဓု, ယောဇနာ စသော နိကာယ်ငါးရပ် ပိဋကတ်သုံးပုံ တို့ကို နည်းနာကျန ရရှိထိမိ ပိုင်ပိုင်သိ၍ မိမိနောက်ပါ သာ မဏေ ရဟန်းတို့အားလည်း မအား နေ့ည နည်းကောင်း ရအောင် ပို့ချတော်မူပေသည်။

### ပခုက္ကူမှု ကန်ဒါနီသျှ

အထူးအားဖြင့် ရေစကြိုလ် ဆရာတော် ဘုရားကြီးသည် ကန်ဒါနီသျှကို ရေးသားတော်မူသောအခါ စာချတပည့်ကြီး ဖြစ်ကြသော ဆရာတော် ဦးပညာ,ဆရာတော် ဦးနန္ဒဝံသ၊ ဤနှစ်ပါးကို တာဝန်ပေးသဖြင့် စာဆို၍ ရေးရသော တာ ဝန်ကား အရှင်ကောဏ္ဍည မထေရ်ပင် ဖြစ်ခဲ့လေသည်။

### ဂဏာဝါစက ချီးမြှောက်တော်မူခြင်း

မဟာဝိသုတာရာမတိုက်၌ ကိုယ်တိုင်သင်ယူ ယဉ်သူပို့ချ အတ္တဟိတ, ပရဟိတ အကျိုး ၂-ပါးကို လွှေကျက်လျက် သက္ကရာဇ် ၁၂၇၇-ခုနှစ်သို့ ကျရောက်သော် တိုက်တော် စာချ ဂဏာဝါစက အဖြစ်ရောက်အောင် ချီးမြှောက်ခြင်း ကိုခံယူကာ တိုက်တာ စီစဉ်အုပ်ချုပ်ရေးနှင့်တကွ တိုက်တာ

တည်ထောင်ရေး တာဝန်ဟူသမျှတို့ကို နေ့ညမယုတ် အားထုတ်မပြတ် ကျေးဇူးဆပ်သည့်အနေဖြင့် ၁၆ - နှစ်တိုင်အောင် ဆောင်ရွက်တော်မူခဲ့ရပေသည်။

## ဆရာတော်၏ကျင့်စဉ်

၁။ ဆရာအရှင်မြတ်တို့၏ ဩဝါဒ,အနုသာသနီစကားကို အမြဲအားဖြင့် လိုက်နာသည်။

၂။ ဆရာ အရှင်မြတ်တို့၏ တာဝန်ကို အစဉ်မပြတ် ဆောင်ရွက်လေ့ရှိသည်။

၃။ အမျက်မထန် သည်းခံနှိမ်ချလေ့ရှိသည်။

၄။ မိမိကိုမှီသောတပည့်များအား ကရုဏာရှေ့ထား၍ အမြဲစောင့်ရှောက်ချီးမြှောက်လေ့ရှိသည်။

၅။ ချို့ယွင်းမှုမရှိပါရန် မှန်သောဝီရိယရှိသည်။

၆။ သံဃာတိုက်တာ၏တာဝန်ကို အမြဲမပျက် ဆောင်ရွက်လေ့ရှိသည်။

၇။ သဒ္ဓါဇာဂရိယတမှု သူမတူအောင် ကောင်းမွန်သည်။

၈။ အလုပ်တခုရှိလျှင် ဖြစ်နိုင်, မဖြစ်နိုင် စဉ်းစားနှိုင်းချိန်၍ ဖြစ်နိုင်ပါက မဖြစ်မနေ အားထုတ်လေ့ရှိသည်။

## ခေမာသီဝံကျောင်း၌ စာသင်တိုက်ဖွင့်လှစ်ခြင်း

ထို့နောင် မဟာဝိသုတာရာမတိုက်မှ ပြန်ကြွလာ၍ ၁၂၈၉–ခုနှစ်တွင် ရန်ကုန်မြို့ တာမွေတိုက်နယ် ဝွတ္တလစ်ရပ်ကွက် အဝင်အပေါ် ဟာမစ်တစ်လမ်းရှိ ခေမာသီဝံကျောင်းတွင် သီတင်းသုံးတော်မူသော မိမိ၏ ဥပဇ္ဈာယ်

ဆရာတော် အသျှင်တေဇဝန္တဆရာတော်ကြီး ပျံလွန်တော်မူရာ တပည့်တို့၏ပြုအပ် ပူဇော်အပ်သော ဝတ္တရား အားလျော်စွာ ဥပဇ္ဈာယ်ဆရာတော်ကြီး၏ ဥတုဇရုပ်ကလာပ် အလောင်းတော်ကို ပူဇော်သဂြိုဟ်ပြီးလျှင် မိမိ ပရိယတ္တိကျမ်းဂန်များကို မူလရင်း ပို့ချဆဲဖြစ်သော ပခုက္ကူမြို့ မဟာဝိသုတာရာမ အလယ်တိုက်ကြီးသို့ ပြန်ကြွသွားမည်ပြုရာအခါ မြန်မာနိုင်ငံအထက်အောက်နှင့်အင်္ဂလန်ပေါက် အောင်ထင်ပေါ်ကျော်ကြားသော လောကီလောကုတ္တရာနှစ်ဖြာစွယ်စုံ ကုန်လုံကြွယ်ဝ ချမ်းသာလှသောသူဌေးကြီး ဦးဘိုးသာခေါ် ပွဲစားကြီး ဆာဘိုးသာ-ပွဲစားကတော်ကြီး လေဒီသာ ဒေါ်ဒေါ်ရီတို့က ဆရာတော်ဘုရား၏ ကျမ်းဂန်တတ်မြောက် ဘဝဂ်ကမ်းရောက်ပုံ, သံဃကိစ္စ တာဝန်များကိုဆောင်ပုံ, သည်းခံနိုင်ပုံ, သဒ္ဓါတရားနှင့် ပြည့်စုံပုံ, ထကြွလုံ့လ ဉဿာဟနှင့်ပြည့်စုံပုံစသည်တို့ကို တွေ့မြင်ရ၍ အလွန့်အလွန် ကြည်ညိုလှသဖြင့် အရှင်ဘုရား…ရေပေါတဲ့ သမုဒ္ဒရာထဲမှာ မိုးရွာချသလို အထက်ပိုင်းမှာ စာပေပို့ချမည့် စာတတ်အကျော် ပညာရှိ ဆရာတော်တွေ အများအပြားရှိပါသည်၊ တပည့်တော်များ၏ မြန်မာနိုင်ငံ အောက်ပိုင်းမှာဆိုလျှင် အထက်ပိုင်းကဲ့သို့ စာပေပို့ချသည့် ပုဂ္ဂိုလ်များ နည်းပါးလှပါသည်ဘုရား၊ သို့ဖြစ်ပါ၍ ဤခေမာသီဝံကျောင်းတွင် စာပေပရိယတ် ကျမ်းဂန်များကို ပို့ချတော်မူပါ၊ သာသနာပြုတော်မူပါ၊ တပည့်တော်များက ဆွမ်းကွမ်းစသော ပစ္စည်းလေးပါးတို့ဖြင့် ထောက်ပံ့လှူဒါန်းပါမည်ဘုရား-ဟု လျှောက်ထား တောင်းပန်သဖြင့် မြတ်စွာဘုရား သာသနာတော်အကျိုး ငဲ့ကွက်၍ ထိုကျောင်းတိုက်၌

စာသင်တိုက် ဖွင့်လှစ်လျက် ပိဋကတ်သုံးသွယ်,နိကာယ် ငါးရပ် ဂန္ထန္တရ ကျမ်းဂန်များကို တပည့်သား သံဃာတော် ဂဝ- ကျော်တို့အား မိမိတပါးတည်း အလွန် ပင်ပန်းစွာ နေ့ဝါ,ညဝါစတင်၍ ပို့ချတော်မူလေသည်။

## ရွှေသာလျှောင်းဘုရားကြီးသို့ ပြောင်းကြွခြင်း

ထို့နောက် ယင်းခေမာသီဝံကျောင်းတိုက်၌ ပရိယတ္တိကို အားထုတ်၍ ပို့ချလာရာ"ပန်းသတင်းလေညှင်းဆောင်၊လူသတင်း လူချင်းဆောင်"ဆိုသလို ကောင်းကင်တွင်နေ လ အသွင်ကဲ့သို့ အလွန်ထင်ပေါ် ကျော်စောလာ၍ သတင်းပြန့်မွှေးသောကြောင့် ထိုထိုမြို့ရွာ နိဂုံးတို့မှ ပညာရင်နို့ သောက်စို့ရန်ကြွရောက်လာကြသော စာသင်သား တပည့်တို့တစတစအလွန်များပြား တိုးပွားသည့်အခါ ၁၂၉၂-ခုနှစ် နှောင်းတာကူးလဆုတ် ၂-ရက်တွင် သူဌေးကြီး ဆာဘိုးသာ၏ ပင့်လျှောက်ချက်အရ ဘူမိနက်သံ မြေကောင်းမှန်သော ခြောက်ထပ်ကြီးလျောင်းတော်မူရုပ်ပွါးတော်ကြီးအနီး ဘုရားဒါယကာကြီးကိုယ်တိုင် ဆောက်လုပ် ဘန်ဆင်းအပ်သော ဇရပ်ကျောင်းတော်သို့ ကြွရောက်တော်မူလေသည်။

## ဘုရားကြီးကျောင်းတိုက် အမည်မှည့်ခြင်း

ကျောင်းတိုက် အမည်ကို သံတောင် ၁၆၇ - တောင်တမိုက်ရှိလျောင်းတော်မူ ဘုရားကြီးကို အစွဲပြု၍ မဟာဗုဒ္ဓါရာမ (ပါဠိ) ဘုရားကြီးကျောင်းတိုက် (မြန်မာ) ဟု ခေါ်ဝေါ်ပညတ် သမုတ်အပ်လေသတည်း။

### အံ့ဩလောက်အောင်ဆင်းရဲကို သည်းခံ၍နေခြင်း

ဆရာတော်ဘုရားကြီးသည် ထိုဘုရားကြီးကျောင်းတိုက်၌ အလွန် ကရုဏာကြီးစွာဖြင့် နောက်ပါ တပည့်သား သံဃာတော် ၁၀-ကျော်တို့ကို ကျောင်းပေါ်ထား၍ မိမိကိုယ်တိုင်မူကား အဆင်းရဲခံခါ ကျဉ်းမြောင်း လှသော တန်ဆောင်းထဲတွင် သီတင်းသုံး၍ စာဝါများကို ပို့ချတော်မူလေသည်။

### ဘုရားကြီးတိုက် ကြီးပွားခြင်း၏ အကြောင်းနိမိတ်

ဘုရားကြီးတိုက်၌ (၁) ပဌမတူးအပ်သော ၄-တောင် ၅-တောင်မျှနက်သော တွင်းနခမ်း တတောင့်ထွာ အုဌ်စီ ထားအပ်သော ထိပ်ဝ ၆-ပေ, ၇-ပေခန့်မျှ ရှိသော ရေတွင်းကြီး၏ နေ့စဉ်နေ့တိုင်း-နှုတ်သီး, နခမ်းကို ကျော်လျှံအောင် ရေထွက်ခြင်း၊ (၂) ရွှေသာလျောင်းဘုရား မျက်နှာတော်၌ ညဥ့်သန်းခေါင်အခါ ဓာတ်တော်များ ကွန့်မြူး၍ အမြဲတန်းလိုလို ထိန်လင်းနေခြင်း၊ (၃) ရွှေတန်ဆောင်းအတွင်း၌ စောင့်၍အိပ်ရသော(ယခုအခါ ဖားအံမြို့ လေသာကျောင်း) ဦးစန္ဒောဘာသသည် ဘုရားကြီး တန်ဆောင်းအတွင်း၌ စေတီပေါက်နေသည်ဟု အိပ်မက် မြင်မက်ခြင်း စသော ဝုဍ္ဎိဝိရုဠှိ ပုဗ္ဗနိမိတ်များ ပေါ်လာလေသည်။

### သိကြာပြည့်ဝ ဂုဏ်ပေါင်း ခ-ရခြင်း

ဘုရားကြီးတိုက်တော်၌ ဆရာတော် ဘုရားကြီးသည် မအားနေ့ည ဗာဟိရကိစ္စနည်းပါး၍ ဂန္ထဝုရဝန်များကို သာ ဆောင်ရွက်သည်သာမက သံဃာတော်များနှင့်တကွ နေ့စဉ် ဘုရား ဝတ်တက်,ဝတ်ကပ်,သမထ-ဝိပဿနာ ဘာဝ

နာတည်းဟူသော ဝိပဿနာခုရကိုလည်း ဆည်းပူးလေ့လာ
လျက် နေ့စဉ်မပျက် ဆောင်ရွက်တော်မူသည်။

ဤသို့ ခုရနှစ်ဝ-သီလ,သမာဓိ, ပညာ, ဒဿ, ခန္တီ,ဝီရိ
ယ,သံဝိဘာဂ,သုဘာသိတတို့နှင့် နာယကဂုဏ်ပြည့်စုံတော်
မူသောကြောင့် တိပိဋကဓရ ရွေးချယ်ရေး၌ ပဋ္ဌမဥက္ကဋ္ဌ
တင်မြှောက်ခြင်း ခံယူတော်မူရ၏၊ဆဋ္ဌသံဂါယနာတင် ဓမ္မ
သဘင်၌လည်း သံဃာ့ဝန်ဆောင် ဒုတိယ ဥက္ကဋ္ဌ တင်
မြှောက်ခြင်းကိုလည်း ခံယူတော်မူရပြန်၏၊ သာသနာ ညစ်
ကြေး ရန်ဘေးစင်ဘိ အမိကဖြစ်သော နိုင်ငံတော်ဝိနိစ္ဆယ
ဌာန တာဝန်ခံ ဖြစ်တော်မူရပြန်၏၊ နိုင်ငံတော် အစိုးရ၏
ပါဠိ ပဋ္ဌမပြန်ဌာန၌ မဟာနာယက ဖြစ်တော်မူခဲ့ရခြင်း၊
စေတိယင်္ဂဏပရိယတ္တိအသင်း၌ ဩဝါဒါစရိယဖြစ်တော်မူ
ခဲ့ရခြင်း၊ ရွှေတိဂုံ, ဆူးလေ,ဗိုလ်တထောင် ဘုရားများဂေါ
ပကအဖွဲ့ ဩဝါဒါစရိယ ဖြစ်တော်မူခြင်း၊ ကျောင်းထိုင်
ဆရာတော်များ၏အဖွဲ့၌ ဥက္ကဋ္ဌ တင်မြှောက်သည်ကို ခံယူ
တော်မူရခြင်း၊ နိုင်ငံတော် အစိုးရ၏ အဂ္ဂမဟာပဏ္ဍိတ
ဘွဲ့ထူးကို ခံယူတော်မူရခြင်း၊ ပခုက္ကူ မဟာဝိသုတာရာမ
တိုက်ကြီး၌လည်း မဟာဝိနာယကဘွဲ့ထူးကို ခံယူတော်မူခဲ့
ရခြင်း၊ ဤသို့လျှင် သီလ,သမာဓိ,ပညာ,ဒဿ,ခန္တီ,ဝီရိယ
သံဝိဘာဂ, သုဘာသိတနှင့် ပြည့်စုံတော်မူသောကြောင့်
သာသနာတော်၏အရေး၌ အထူးထူးသော ကျေးဇူးဂုဏ်
တို့နှင့် ပြည့်စုံပါပေသည်။

### ဘုရားကြီးပြင်ခြင်း

ပျက်စီးယိုယွင်းလျက်ရှိနေသော ခြောက်ထပ်ကြီးဘုရား
ရုပ်ပွားဆင်းတုတော်ကြီးကို အသစ်ထပ်မံပြုပြင်ရန်အရေး

တို့ကို အမြဲအားဖြင့် ကြံတွေးစဉ်းစားလျက် ရှိနေခိုက်တွင် နိုင်ငံတော် ဝန်ကြီးချုပ်ဦးနု အမှူးပြုသော သာသနာရေး ဌာန ဝန်ကြီးဦးဘစော၊ အတွင်းဝန် ဦးသန်းစိန်၊နိုင်ငံတော် ဗုဒ္ဓသာသနာ့အဖွဲ့ချုပ်ဥက္ကဋ္ဌ ဆာဦးသွင်၊ ချပ်သင်း သူဌေး ကြီး ဦးဘတင်၊သူဌေးကြီးဦးချို၊အင်ဂျင်နီယာချုပ် ဦးကျော် စိန် စသောဒါယကာများ၏လျှောက်ထားတောင်းပန်ချက် အရ အစဉ်အမြဲကြံရွယ်စိတ်ကူးလျက်ရှိသော မိမိအလိုဆန္ဒ နှင့် ကိုက်ညီသည့်ရှပ်ပွားတော်ကြီးထပ်မံပြင်ဆင်ရေးကိစ္စ ကို လက်ခံဆုံးဖြတ်တော်မူပြီးလျှင် ပြုပြင်ရေးကော်မတီတခု ဖွဲ့စည်းလျက် ၁၃၁၉-ခု တော်သလင်းလဆန်း ၂-ရက် ကြာသပတေးနေ့မှ အစပြု၍ အားထုတ်စီမံတော်မူဆဲတွင် ၁၃၁၉-ခု တန်ဆောင်မုန်းလဆန်း ၁၁-ရက် စနေနေ့၌ ချပ်သင်း သူဌေးကြီး ဦးဘတင်၊ အတွင်းဝန် ဦးသန်းစိန်၊ အင်ဂျင်နီယာချုပ်ဦးကျော်စိန်စသော လူပရိသတ်ရဟန်း ပရိသတ်တို့နှင့်တကွ ပဲခူးရွှေသာလျောင်းဘုရားကြီးကိုသွား ၍ဖူးသည်။

## ပုံလွှန်တော်မူခြင်း

ဖူးမျှော်ပြီးလျှင် ရန်ကုန် ပြန်ရောက်၍ ၁၂-ရက် တနင်္ဂနွေနေ့ နံနက် ၅-နာရီ မိနစ် ၃၀-အချိန်တွင် သိဒ္ဓိ ပေါက်သခင် ဇမ္ဗုဒ္ဒီရောက်အရှင်တို့သော်မှ မတွန်းမလှန် မငြင်းဆန်နိုင်သော မရဏသဘောအရ ကွေးသည့်လက် ဆန့်ရုံမျှဖြင့် မာရဏန္တိက ဒုက္ခကြီးစွာမခံစားရဘဲ ဘောင့် တင်းခိုင်မာသော ပကတိ သဇီဝသဘောမှ ယောနိသော မနသိကာရ စေတိယ ပဋိသန်ရဏ အာစိဏ္ဏ သမ္မာစိဏ္ဏ

ကုသိုလ်ဇောအစဉ် ခြိရံလျက် စုတိစိတ္တ နိဗ္ဗိဝသဘောသို့ ရွှေလျှောပျံ့လွန်တော်မူသတည်း။

သံဝေဂ

အနန္တရံ ဟိ ဇာတဿ၊ဇီဝိတာ မရဏံ ဓုဝံ။
ဇာတာ ဇာတာ မရန္တီဓ၊ဧဝံဓမ္မာ ဟိ ပါဏိနော။

ဇာတိလက်နက်၊ စူးရှမြက်သော်၊ နှစ်သက်လောက်စွာ၊ လက်ဆောင်ရှာ၍၊ပဏ္ဏာဆက်သွင်း၊တံစိုးနှင်းလည်း၊ငြင်း၍ မရ၊ချော့မကျဘဲ၊ လေးဝဒသေနင်၊ တပ်ဖွဲ့ဆင်၍၊ စစ်အင် ကျင်းပ၊ခုခံကြလည်း၊ ယမသေမင်း၊ အောင်ပွဲခင်းလိမ့်၊ ဖြစ် ခြင်းပျက်ရာ၊ ဓမ္မတာကြောင့်၊ ကပ္ပါစဉ်ဆက်၊ သေမင်း လက်မှ၊လွတ်ထွက်သသူ၊ မရှိဟူ၏၊ မြှိုင်ဂူတောင်စောင်း၊ ခိုမှီ အောင်းသည့်၊ ရှစ်သောင်းဇော်ဂီ၊တပသီနှင့်၊လေးလီကျွန်း ရှင်၊လူတွင်တမွတ်၊စက္ကဝတ်လည်း၊မလွတ်မကင်း၊ သူ့လက် တွင်းသို့၊ရောက်ခြင်းမလှ၊ ရောက်ခဲ့ကြ၏၊ ဈာနဝိသိဋ္ဌ၊ဣဒ္ဓိဝိဓ ဖြင့်၊ မဟိဒ္ဓိတေဇ၊ ပြွမ်းပြွမ်းထသည့်၊ ဗုဒ္ဓပစ္စေကာ၊ ခီဏာ သဝေါ၊ရှင်တို့သော်လည်း၊ ခုန်ကျော်လွတ်ကင်း၊သေဘေး ရှင်းဟု၊ထင်လင်းခုထိ၊ဘယ်မရှိခဲ့၊ဇာတိလက္ခဏာ၊သူ့ခြင်း ရာကြောင့်၊ဇာတာဇာတ၊ ဖြစ်တိုင်းမျှတို့၊ဘဝထိုထို၊ဘုံအလို ဖြင့်၊ ငိုယိုတမ်းတ၊ ဟစ်အော်ကြလည်း၊ ဓုဝသဘော၊ လွန် သောမရှိ၊ သေကုန်ဘိ၏၊ ဘူရိမြေကြီး၊ လက်ဖြင့်တီးသို့၊ လွဲလှီးမရ၊မရဏဟု၊ ကမ္ဘာ့တံထွာ၊ဓမ္မတာသည်၊ ဘယ်ခါ တောင့်တ ရမည်နည်း။

စီစဉ်ရေးသားသူ—ဘဒန္တအာစိဏ္ဏ
ဘုရားကြီးတိုက်
ရန်ကုန်မြို့။

# ဂုဏဝဏ္ဏနာများ

ပြည်ထောင်စု မြန်မာနိုင်ငံတော်
ဆဋ္ဌသံဂါယနာ ဝန်ဆောင် သံဃာ့အဖွဲ့ ဒုတိယဥက္ကဋ္ဌ
နိုင်ငံတော် ဩဝါဒါစရိယ
အဂ္ဂမဟာပဏ္ဍိတ ခြောက်ထပ်ကြီး ဘုရားကြီးဆရာတော်
ပျံလွန်တော်မူရာ၌ မဟာပညာဗလ,ပါဠိပါမောက္ခ
စာပြင်မှူးချုပ် ဆရာညဏ် သီကုံးဖွဲ့ဆိုအပ်သော

## ဂုဏကိတ္တိ ဂါထာများ

၁။ ရန်ကုန်ပုရဝရေ ရမ္မေ၊
ဘုရားကြီးတိုက် ဣတိဿုတော။
အာရာမေ ယော မဟာထေရော၊
သံဃနာယကတံ ဂတော။

၂။ သာသနုဇ္ဇောတကာမော သော၊
တိပေဋကဓရူဿဝေ။
ဟုတွာ ပုဗ္ဗင်္ဂမော ထေရော၊
ဇောတေသိ ဇိနသာသနံ။

၃။ တထာ သော ဆဋ္ဌသင်္ဂီတိ၊
ဘာရဝါဟသဘာယ စ။
ဥပပ္ပမာနတံ ပတ္တော၊
သောဘေသိ ဇိနသာသနံ။

၄။ တထာ ထေရာန မောသာန၊
သောစကာနံ သဘာဝယ စ။
သဘာပတိဓုရေ ယုတ္တော၊
ပဂ္ဂဟိ ဇိနသာသနံ။

၅။ ဉာတိ သော နေကဓာ ထေရော၊
ရတ္တိန္ဒိဝ မတန္ဒိတော။
သောဓေတုံ သာသနံ သတ္ထု၊
အကာ ဒဠှပရက္ကမံ။

၆။ အဂ္ဂမဟာပဏ္ဍိတော တိ၊
ဂရူပါဓိဝရေန တံ။
ပူဇနီယဇ ရံ ထေရံ၊
ပူဇယုံ ရဋ္ဌပါလကာ။

၇။ ဒီပိ နိဓနံ ယာတိ၊
သင်္ခါရာ န ဟိ သဿတာ။
တသ္မာ သဗ္ဗသင်္ခတေသု၊
အလမေဝ ဝိရဇ္ဇိတုံ။

၁။ ရခမ္ဘ၊ နှလုံးမွေ့လျော်၊ ရွှင်ပျော်စရာ၊ သာယာစွာ ထသော။ ရန်ကုန်ပုရဝရေ၊ ရန်ကုန်-ရန်ကုန်၊သိမ့်သိမ့်တုန် အောင်၊ ဆန်းစုံကျော်ကြား၊ လွန်ထင်ရှားသည့်၊ စည်ကား စွာလှ၊ ရာဇဓာနီ၊ မင်းနေပြည်ကြီး၌။ ဘုရားကြီးတိုက် ဉာတိသုတေ၊ ဘုရားကြီးဟု၊ ကမ္ဗည်းတပ်ဆင်၊ ဝန်းကျင် ကျော်ကြား၊ ထင်ရှား ပေါ်လွင်ပေထသော။ အာရာမေ၊ ခမ်းနားကြီးကျယ်၊ တင့်တယ်သပ်ယပ်၊ ကျောင်းတိုက်မြတ်

၁၅။ ယောမဟာထေရော၊အကြင်မဟာထေရ်မြတ်ကြီးသည်။ သံဃနာယကတံ၊ လဇ္ဇီထေရ်ပေါင်း၊ သံဃာကောင်းတို့၏၊ ထိပ်ဆောင်းဦးစီး၊ကြီးမှူးဥက္ကဋ္ဌ၊နာယကအဖြစ်သို့။ဂတော၊ ထင်ရှားမသွေ၊ရောက်တော်မူခဲ့လေပြီ။

၂။ သောထေရော၊ဘုရားကြီးတိုက်၊ မကိုင့်ထွတ်ထီး၊ထိုကျေးဇူးရှင် မဟာထေရ်မြတ်ကြီးသည်။ သာသနုဇ္ဇောတကာမော၊ သာသနာ့ရောင်၊ တောက်ပြောင်ထိန်လင်း၊ ထွန်းပခြင်းကို၊ ထန်ပြင်းပဏိဓိ၊ အလိုတော်ရှိသည်ဖြစ်၍။ တိပိဋကဓရုဿဝေ၊ နှစ်စဉ်ကျင်းပ၊ ပိဋကသုံးပုံ၊ နှုတ်ငုံဆောင်စွမ်း၊ ရှင်ရဟန်း ရွေးချယ်ရာ၊ မဟာတိပိဋကဓရ၊ ဓမ္မသဘင်ကြီး၌။ ပုဗ္ဗင်္ဂမော၊ ဦးစီးအချုပ်၊ မဟုက္ကဋ္ဌ၊ပဓာနရွှေဆောင် ပုဂ္ဂိုလ်ကြီးသည်။ဟုတွာ၊ ဖြစ်၍။ဇိနသာသနံ၊ ကမ္ဘာ့ကမ္ဘာ၊ကြာကြီးကြာလည်း၊ လွန်စွာ လွန်စွ၊ ကျိုခဲလှသည့်၊ ဗုဒ္ဓမြတ်စွာ၊သာသနာတော်မြတ်ကြီးကို။ဇောတေ-သိ၊ တနေ့တခြား၊ တက်နေလားသို့၊ ထွန်းကားပွင့်လင်းစေတော်မူခဲ့လေပြီ။

၃။ တထာ၊ ထိုမှတပါး။ သော၊ ဘုရားကြီးတိုက်၊ မကိုင့်ထွတ်ထီး၊ ထိုကျေးဇူးရှင် မဟာထေရ်မြတ်ကြီးသည်။ ဆဋ္ဌသင်္ဂီတိဘာရဝါဟသဘာယစ၊ ဆဋ္ဌသံဂါယနာသံဃာ့ဝန်ဆောင် အဖွဲ့ကြီး၌လည်း။ ဥပပ္ပဓာနတံ၊ ဒုတိယဥက္ကဋ္ဌ၊ ဥပပ္ပဓာနစစ်၊ အာဏာပိုင်အဖြစ်သို့။ ပတ္တော၊ အများသံဃာ၊ ရွေးကာတင်မြှောက်၊ ရောက်တော်မူသည်ဖြစ်၍။ ဇိနသာသနံ၊ ဘုရားမြတ်စွာ၊ သာသနာတော် မြတ်ကြီးကို။ သောဘေသိ၊ ကမ္ဘာ့အလယ်၊ တင့်တယ်စေတော်မူပြီ။

၄။ တထာ၊ ထို့အတူ။ ဩသာနသောကောနံ၊ ပိဋကတ်ကျမ်းစာ၊ နက်နဲစွာကို၊ သေချာစေ့ငု၊ ပုံနှိပ်လုချိန်၊ နောက်ဆုံးကြိမ်၌၊ နှိုင်းချိန်သုတ်သင်၊ ပြင်ဆင်တော် မူကြကုန်သော။ထေရာနံ၊ ဩသာနသောမေဃျ,ပါဠကအဖွဲ့ဝင်, ထေရ်အရှင်ကြီးတို့၏။ သဘာယစ၊ ညီညာ ပေါင်းစည်း၊ အဖွဲ့ကြီး၌လည်း။ သဘာပတိခုရေ၊ သဘာပတိရာထူးကြီး၌။ ယုတ္တော၊ ဝန်ဆောင် သံဃအဖွဲ့မှ၊ ဆန္ဒအလျောက်၊ ရွေးကောက် တင်မြှောက်အပ်သည်ဖြစ်၍။ ဇိနသာသနံ၊ ဘုရားမြတ်စွာ၊ သာသနာတော်မြတ်ကြီးကို။ ပဂ္ဂဟီ၊ အား ပေးစောင့်ရှောက်၊ ချီးမြှောက်တော်မူလေပြီ။

၅။ ဋ္ဌတိ၊ ဤသို့။သောထေရော၊ ဘုရားကြီးတိုက်၊မကိုဋ်ထွတ်ထိး၊ ထိုကျေးဇူးရှင် မဟာထေရ် မြတ်ကြီးသည်။ ရတ္တိန္ဒိဝံ၊ နေ့ရောညဉ့်ပါ၊ အခါမစဲ၊ အမြဲမပြတ်။ အတန္ဒိတော၊ ငြီးငွေ့ပျင်းရိခြင်း၊ အလျဉ်းရှိတော်မမူဘဲ။ သတ္တူ၊ လူနတ်တို့ဆရာ၊မြတ်ဗွာတို့မကိုဋ်၊သုံးတိုက်ထိပ်တင်၊ဘုရားရှင်၏။သာသနံ၊ အံ့ဘွယ်ရှစ်ဖြာ၊ သာသနာတော် မြတ်ကြီးကို။ သောမေတုံ၊ သန့်စင်ရှင်းလင်း၊ သုတ်သင်ခြင်းငှါ။ အနေကဓာ၊ မနေမနား၊ အထွေထွေအားဖြင့်။ ဒဠ္ဌပရက္ကမံ၊ပြင်းစွာကြိုးကုတ်၊ အားထုတ်ခြင်းကို။ အကာ၊ မုချ မသွေ၊ ပြုတော်မူလေပြီ။

၆။ ရဋ္ဌပါလကာ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးကို စီမံစောင့်ကြပ်၊ အစိုးရမင်းမြတ်တို့သည်။ပူဇနီယတရံ၊ အလွန်အမင်း၊ ပူဇော်ခြင်းငှါ ထိုက်တော်မူသော။ တံထေရံ၊ ဘုရားကြီးတိုက်၊ မကိုဋ်ထွတ်ထိး၊ ထိုကျေးဇူး

ရှင်မဟာထေရ်မြတ်ကြီးကို။ အဋ္ဌမဟာပဏ္ဍိတောတိ ဂရု-ပါမိဝရေနံ၊အဋ္ဌမဟာပဏ္ဍိတ ဟူသော လေးစားမြင့်မြတ်၊ သွန်းခတ်ထုနှိပ်၊ ဘွဲ့တံဆိပ်ဖြင့်။ပူဇာယုံ၊လေးမြတ်ကော်ရော်၊ ပူဇော်ကြလေကုန်ပြီ။

၇။ ဒီပ၊ ဤသို့သော ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်ကြီး သော်မှလည်း။ နိဓနံ၊ မလွဲရှောင်သာ၊ ဓမ္မတာလမ်း၊ စုတိ စခန်းသို့။ ယာတိ၊ ကေန္ဒလျှောကျ၊ ကြွမြန်းတော်မူရတုံ သေး၏။ သဉ်္ခါရာ၊ ကံ,စိတ်,ဥ, အာ၊ ကြောင်းလေးဖြာတို့၊ ပေါင်းကာစီရင်၊ ပြုပြင်အပ်သမျှ၊ သင်္ခါရ တရားတို့သည်။ န ဟိ သဿတာ-န သဿတာ ဝေ၊ အကျိတ်အခဲ၊ အမြဲ မတည်နိုင်ကုန်သည်သာလျှင်တည်း။ တသ္မာ၊ ထို့ကြောင့်။ သဗ္ဗသင်္ခါတေသု၊ဖြစ်ပြန်ပျက်မြဲ၊မလွဲတံထွာ၊ဓမ္မတာသဘာဝ၊ သင်္ခါရတရားဟူသမျှတို့၌။ ဝိရဇ္ဇိတုံ၊ တပ်မက်မှုကင်း၊ပယ် စွန့်ခြင်းငှါ။အလမေဝ-အလံ ဝေ၊ သင့်လျော်သျောက်ပတ်၊ ကောင်းမြတ်လှသည်သာလျှင်ကတည်း။

ဘုရားကြီးဆရာတော်

ဘဒန္တကောဏ္ဍည အဂ္ဂမဟာပဏ္ဍိတ၏

## ဂုဏဝဏ္ဏနာ ဂါထာများ

[မဟာပညာဗလ-ပဌမကျော် ဦးကြီးဖေ ချီးကျူးသည်။]

၁။ ဘဒန္တ ကောဏ္ဍညတ္ထေရော၊
ပခုက္ကူဂဏနာယကော။
ဂဂနေ ပုဏ္ဏစန္ဒောဝ၊
ပါကဋော ဗုဒ္ဓသာသနေ။

၂။ တိပိဋကဓရသဉ္ဇာတော၊
ဆဋ္ဌသင်္ဂီတိပ္ပဘဝေါ။
ဩသာနသောဓကော ဆဋ္ဌေ၊
ပဌမေ ဝိယ ဇာဂရော။

၃။ အဂ္ဂမဟာပဏ္ဍိတော တိ၊
ရာဇဒတ္တိယလဒ္ဓနော။
အဟော အနိစ္စတံ ပတ္တော၊
ဂုဏောဘာသောဝ သေသကော။

၁။ သာဓဝေ၊ အို-သူတော်ကောင်း အပေါင်းတို့။ သာဓဝေ၊ ဘုရားဆုံးမ၊ ဩဝါဒကထာ၊ ဓမ္မာနုဓမ္မပဋိပတ်၊ အကျင့်မြတ်ကို၊ မလပ်ကြိုးကုတ်၊ အားထုတ်ပေတောင်း၊ အို-သူတော်ကောင်းအပေါင်းတို့။ ဘဒန္တကောဏ္ဍညတ္ထေရော၊ဘုရားကြီးတိုက်ကြီး၏၊ ဦးစီးနာယက၊ အရှင်ကောဏ္ဍညဟု၊ နာမကျော်ဟီး၊ မထေရ်မြတ်ကြီးသည်။ ပခုက္ကူ

ဂဏာနာယကော၊ ရေစကြိုဆရာတော်ဘုရားကြီး အရှင် ဂန္ဓသာရ၊ အစစ္စာဘန်တီးသည့်၊ ပခုက္ကူဂိုဏ်းကြီး၏၊ ဦးစီးလမ်းပြ၊ မဟာနာယကလည်း ဖြစ်တော်မူပါပေ၏။ ဂဂနေ၊ အဇင္ဇာဝေဟင်၊ မိုးကောင်းကင်၌၊ ပုဏ္ဏစန္ဒော၀၊ ကြည်လင်အေးမြ၊ သရဒအခါ၊ ထွက်ပေါ်ကာ တင့်ရှန်းလျက်၊ အရောင်တွေ အဆင့်ဆင့် ထွန်းပေသည့်၊လပြည့်ဝန်းကြီးကဲ့သို့။ ဗုဒ္ဓသာသနေ၊ ဗုဒ္ဓမြတ်စွာ၊ သာသနာတော်၌။ ပါကဋော၊ သီလရောင်, သမာဓိရောင်, ပညာရောင်, ဘုန်းကံရောင်တို့ဖြင့်၊ တပြောင်ပြောင် အမြင်ကြွားလျက်၊ ထင်ရှားတော်မူပါပေ၏။

၂။ ဆဋ္ဌသင်္ဂီတိပ္ပဘဝေါ၊ ဆဋ္ဌသင်္ဂါယနာ တင်ရာတွင်၊ အချက်အချာမူလ၊ ပဓာန အကြောင်းရင်း ဖြစ်ပေသော။ တိပိဋကဓရသဥ္စာတော၊ သာသနာတော်၊ နှစ်ထောင်ကျော် နောက်ဖျားတွင်၊ သတင်းကြားရန်ပင် ခဲယဉ်း၊ အလျဉ်းပင် မပေါ်ဘူးပေသည့်၊ တိပိဋကဓရ၊ သာသနအာဇာနည်ပုဂ္ဂိုလ်ထူးကို၊ ကြီးမှူးကာ ဆောင်ရွက်သဖြင့်၊ ကောင်းစွာ ဖြစ်ထွန်းပေါ်ထွက်စေတော်မူပါပေ၏။ပဥ္စမေ၊ ငါးကြိမ်မြောက် သင်္ဂါယနာတင်၊ မဟာဓမ္မသဘင်ကြီး၌။ ဇာဂရောဝိယ၊(ဇာဂရာဘိဓေ တိပိဋကဓရ မဟာဓမ္မရာဇာဓိရာဇဂုရု) တံဆိပ်တော်ရ၊ ဒက္ခိဏာရာမ ဘုရားကြီးဆရာတော်အရှင်ဇာဂရ မထေရ်မြတ်ကြီးကဲ့သို့။ ဆဋ္ဌေ၊ ခြောက်ကြိမ်မြောက် သင်္ဂါယနာတင်၊ မဟာဓမ္မသဘင်ကြီး၌။ ဩသာနသောဓကော၊ ငါးရပ်နိကာယ်၊သုံးသွယ်ပိဋကတ်၊ ပုဒ် ပါဌ် အက္ခရာ၊ဂါထာဗန္ဓ၊ စုဏ္ဏိယနှင့်၊ ဝါကျပေါင်းရုံး၊

နောက်ဆုံးဆင်ခြင်၊ ပြင်ဆင်သုံးသပ်၊ တည်းဖြတ်တော်မူပါပေ၏။

၃။ အဂ္ဂမဟာ ပဏ္ဍိတောတိ၊ ဘဒန္တ ကောဏ္ဍည အဂ္ဂမဟာပဏ္ဍိတ ဟူ၍၊ ရာဇဒတ္တိယလဉ္ဆနော၊ ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရတို့က၊ ညွှတ်ခကော်ရော်၊ပူဇော်လှူဒါန်း၊တင့်ဆန်းခတ်နှိပ်အပ်သည့်၊ ဘွဲ့တံဆိပ်လည်း ရှိတော်မူပါပေ၏။ သော ဘဒန္တကောဏ္ဍညတ္ထေ-ရော၊ ဘုရားကြီးတိုက်ကြီး၏၊ဦးစီးနာယက၊ အရှင်ကောဏ္ဍညဟု၊ နာမကျော်ဟီး၊ ထိုမထေရ်မြတ်ကြီးသည်။အနိစ္စတံ၊ တေဘူမက၊သင်္ခါရတို့၊မမ္မသဘောကို မအုပ်ထိန်းနိုင်သဖြင့်၊ ကွယ်လွန် ချုပ်ငြိမ်းရသည့် အဖြစ်သို့။ အဟောပတ္တော၊ ဘုရား ပစ္စေကဗုဒ္ဓါ၊ စကြာပိုင်စိုး၊ ဘုန်းရှင်,ကံရှင်,စည်းစိမ်ရှင်,တန်ခိုးရှင်, အာဏာရှင် အမျိုးမျိုးတို့သော်မှ၊ ပုန်းလျှိုးကာ-တနယ်တစခန်းသို့ မဖျောက်နိုင်ဘဲ၊ ဩ—မဖယ်တမ်း တကယ်တမ်း ရောက်ရပါတော့သည် တကား။ ဂုဏောဘာသော၀၊ သီလဂုဏ်, သမာဓိဂုဏ်, ပညာဂုဏ် စသော ဂုဏ်တော်ကျေးဇူးတော် အရောင်အလင်းတို့သည် သာလျှင်။ အဟော သေသကော၊ ဘုရားကြီးဆရာတော်၊ ဘုရားကြီးဆရာတော်ဟု၊အမည်ကျော်ပြီး ထင်ပေါ်ခဲ့သမျှ၊ သီလရှိသည်၊ သမာဓိရှိသည်၊ ပညာရှိသည်၊ လုံ့လဝီရိယရှိသည်၊ ဘုန်းကံရှိသည်ဟု၊ အမည်မည် ဂုဏ်သကတ်တို့မှာ၊ ကမ္ဘာတွင် အဖုံဖုံလျှပ်လျှပ်ပြီး၊ လူ့တန်း တခွင်မှာဖြင့်၊ ဥဒါန်းတွင်လောက်အောင် လင်းလုံသစ်၍မို့.... ဩ.... ကြွင်းကျန်ရစ်ပါတော့သည် တကား....။

# မဟာပတိမာရာမိက ဓမ္မုပသဉ္ဇိတ
# သံဝေဂ ဂါထာများ

[ဝဏ္ဏကျော်ထင် ဦးဘာသန်း ဒုတိယစာပြင်မူးချုပ်]

၁။ ကောဏ္ဍညာဒိ-သုဘဒ္ဒန္တံ၊
ဝေနေယျ သုခမာရိနော။
သဒ္ဓမ္မေ ကော ကောဏ္ဍညောတိ၊
ပါကဋော သုခသမ္ဘဝေ။

ကောဏ္ဍညာဒိ သုဘဒ္ဒန္တံ ဝေနေယျ သုခမာရိနော၊ ပဥ္စဝဂ္ဂီငါးဦးဝင်၊ အရှင် ကောဏ္ဍည အစ-သုဘဒ္ဒအဆုံး၊ တွက်ကျုံးများစွာ၊သတ္တဝါတို့၏၊ ချမ်းသာရာချမ်းသာမှုကို၊ တခုမကျန်၊သဗ္ဗညုတရွှေဉာဏ်ဖြင့်၊ဝေဘန်ဆောင်ရွက်တော်မူသော မြတ်စွာဘုရား၏။ သုခသမ္ဘဝေ၊ ဒုက္ခခပ်သိမ်း၊ချုပ်ပြတ်ငြိမ်း၍၊ ဇာတ်သိမ်းရာကေန်၊ မြတ်နိဗ္ဗာန်တိုင်၊ မကျန်စေရ၊ ချမ်းသာဟူသမျှ၏ဖြစ်ထွန်းရာ၊ ချမ်းသာကြောင်း စင်စစ် ဖြစ်ပေသော။ သဒ္ဓမ္မေ၊ သီလ သမာဓိ ပညာ၊ သုံးဖြာသဒ္ဓမ္မ၊ သုံးဝသိက္ခာ၊ သာသနာတော်ကြီး၌။ ကော၊ ဂုဏ်ရည်မတူ၊ ရတ္တညူတေဒဂ်ဖြင့်၊ နှိုင်းဖက်မထား၊ တပါးတည်း တဦးတည်း ဖြစ်တော်မူသော။ ကောဏ္ဍညောတိ၊ ဓမ္မစကြာ၊ ဟောကြားရာ၌၊ ဦးစွာအစ၊ ပဌမ ဉာဏ်ဝင်၊ ကောဏ္ဍညထေရ် အရှင်ဟူ၍။ ပါကဋော၊ လူတိုင်း နှုတ်ဖျား၊ စကားလှိုင်းစီးအောင်၊ အပုံကြီးထင်ရှားတော် မူခဲ့ပေသတည်း။

၂။ ဝေမေဝ မဟာထေရော၊
ပါကဋော မြန်မာဒူတလေ။
သာသန ဝုဋ္ဌိကာမော တိ၊
အဟော ကောဏ္ဍညနာမကော။

ဝေမေဝ၊ သာသနာ့ခေတ် အတွင်းဝယ်၊ တစ်စာရင်း ပါဝင်သော၊ အရှင်ကောဏ္ဍည၏၊ အနွတ္ထဆောင်ယူ၊ ဤနည်းအတူသာလျှင်။ မဟာထေရော၊ မဟာပတိမာရာမိက၊ မည်ရကျော်ဟီး၊ တိုက်တော်ကြီး၏၊ ဦးစီးနာယကဖြစ်တော် မူသော ဆရာတော်ဘုရားသည်။ မြန်မာဒူတလေ၊ သာသန အောင်လံ၊ ကောင်းကင်ယံဝယ်၊ ရောင်လျှံလွှင့်တင်၊ မြန်မာ့ မြေအပြင်၌။ သာသန ဝုဋ္ဌိကာမောတိ၊ သာသန ရေးရာ၊ ပေါ်ထွက်လာလျှင်၊ ခန္ဓာအသက်၊ မငဲ့ကွက်ဘဲ၊ ထက်မြက် စူးရှ၊ လိုရင်းကျအောင်၊ သူရသတ္တိ၊ လက်ကိုင်ရှိလျက်၊ ထိထိ ရောက်ရောက် ဆောင်ရွက်ကာ၊သာသနာ့ကြီးပွါးခြင်းကို၊ စိတ်ရင်းသက်ဝင်၊ လိုလားခံမင်တော်မူသော အရှင်မြတ် ကြီးဟူ၍။ ပါကဋော၊ မှတ်ကျောက်တင်,မီးစားခံ၊ မင်းရွှေစံ ပုံအလားကဲ့သို့၊ ထင်ရှားတော် မူလှပါပေ၏။ ကောဏ္ဍ ညနာမကော၊ ဓမ္မစကြာအစ၊ ကောဏ္ဍညမထေရ်၊ ထို နာမည်ဖြင့်၊ ဂုဏ်ရည်အလိုက်၊ သမိုက်စတင်၊ ကောဏ္ဍည ဟူသော အမည်တွင်ခြင်းသည်။ ဝါ၊ ရှေးဦးအစ၊ နောင် ရေးကိုမြော်ဆ၍၊ ကောဏ္ဍညဟူသော ဘွဲ့အမည်ကို၊ဖွဲ့ချည် လိုက်ခြင်းသည်။ အဟော၊ရှုဖွယ်မဆန်း၊ အနွတ္ထအခြေခံသော ကြောင့်၊ သွေမလှန်သကတ်ဆင့်၍၊ ဒြပ်နှင့် မကွဲပြားစေဘဲ၊ အများပင် အံ့သြလျက်၊ ပြော၍မပြီး၊ ချီး၍မကုန် ဖြစ်ရပါ တော့သည်ဘုရား။ ။

၃။ ကိတ္တိသေသ မဂမီဝ၊
ထေရောပိ ထုတိသေသကံ။
ကိစ္စသေသော ကောဏ္ဍညောပိ၊
ဝိမုခေါ သာဝ သမ္ဘဝံ။

ကောဏ္ဍညော၊ဦးဦးဖျားဖျား၊ ထူးထူးခြားခြား၊တရားမမွစက်၊ လေးနက် ပန်ဆင်ရသော၊ အရှင် အညာသိကောဏ္ဍညသည်။ ကိတ္တိသေသံ၊ ကောဏ္ဍည ပုဏ္ဏားကောဏ္ဍညမဟာထေရ်၊ ထူးခြားသည်ဟု၊ဝစီမဂ်လာ၊ပြောကာမယွင်း၊ကျော်စောမှုတခုသာ ကြွင်းကျန်ခြင်းသို့။ အဂမီဗ္ဗဝ၊ သခ်ါရစက်အောက်တွင်၊ လက်မြှောက်ကာမသွေ၊ရောက်တော်မူရလေသကဲ့သို့။ ထေရောပိ၊ ဦးစွာအစ၊မဟာပတိမာရာမ တိုက်ကြီးကို၊ နိုင်ဖြိုးတင့်တယ်၊ စာသင်သားအသွယ်သွယ်တို့ဖြင့်၊ ချယ်လယ်ပြုပြင်၊ အမွန်းတင်တော်မူသော အရှင်ကောဏ္ဍည ဆရာတော်ကြီး သည်လည်း။ ထုတိသေသကံ၊ဝိနိစ္ဆယတာဝန်ခံ၊ဆဋ္ဌသံဂါယနာဝန်ဆောင် သံဃအဖွဲ့၏ ဒုတိယဥက္ကဋ္ဌ၊ တိပိဋကဓရ အဖွဲ့၏ နာယက၊ များလှထွေရာ၊ သာသနာမှု၊ အစုစုတို့၌၊ စေ့ငုသေချာ၊ စီမံရာလည်း၊ ကောင်းစွာလဒ်မြင်၊ မြတ်အရှင်ဟု၊ ပေါ်လွင်ဩဘာ၊ ထောမနာသတင်း၊ ချီးမွမ်းသံ ကြွင်းကျန်ခြင်းသို့။ ဝါ၊ ကြွင်းကျန်သည့်အဖြစ်သို့။ အဂမီ၊ သခ်ါရစက်အောက်တွင်၊လက်မြှောက်ကာမသွေ၊ရောက်တော်မူရလေပြီ။ပိ၊ထူးခြားသည့် အချက်တရပ်မှာကား။ ကောဏ္ဍညော - မဟာထေရော၊ဘုရားကြီးဆရာတော် အရှင်ကောဏ္ဍည မထေရ်မြတ်သည်။ကိစ္စသေသောပိ-ကိစ္စသေသောဝေါ၊ (ဝေရူပေါ်-ခေါ စုန္ဒ သတ္တာ သာဝကာနံ ကာလကတော အနုတပ္ပေါ

ဟောတိ)ဟူသော သမ္မသာဒနီယသုတ်လာအရ- တပည့်များစွာ၊ ပေါင်းသယ်ခတို့အား၊ သုံးပါးသိက္ခာ၊သာသနာ၌၊ ဥတ္တာနီကတ၊ လက်စတင်းလင်း၊ ကြွင်းကျန်ခြင်းရှိတော်မူလျက်သာလျှင်။သာခုသမ္မဝံ၊ သာသနာတော်၏ ရည်ရွယ်ချက်၊ တက်လမ်းအဆင့်ဆင့်၊ မဂ်စခန်းဖွင့်ရမည့်၊ အခွင့်အရေးကောင်း၊ အကြောင်းရင်းမှန်သမျှကို။ ဝါ၊ တပည့်ဒကာ၊ များသယ်ခတို့၊ ပညာကုသိုလ်၊ ထိုထိုများစွာ၊ သမ္မာမဂ္ဂင်၊ သူတော်စင်လမ်းကြောင်း၊ အခွင့်ကောင်းတွေကို။ ဝိမုခေါ၊လူ့ရွာကိုကျော်ခိုင်း၊နတ်တိုင်းကိုရှေးရှု၊ အောင်လံတွေတလူလူနှင့်၊ တကျူကျူမသက်သာ၊တဆူဆူရတက်ဖြာဆဲတွင်-ဩော်—မျက်နှာလွှဲတော်မူလေပြီတကား။

## မဟာပတိမာချာမိကဘုရားကြီးဆရာတော်အရှင် နတ်နန်းဝင်တော်မူခြင်း

### သံဝေဂရှစ်ဆယ်ပေါ်

၁။ တေဇတေဇာ ဝေဖြာလင်းလို့၊ ကျေညာသတင်းပျံ့လှိုင်ပြန်၊ နေဝါတစင်းခဲ့ခိုင်ဟန်လို့၊ မြန်နိုင်ငံတွင် ထေရ်တပါး။ ။သုံးဖြာပိဋကတ်မြိုင်ဟေမာဝယ်၊ ပိုင်ကေသရာကွန့်မြူး,စဉ်ကျက်စား။ ။အာဇာနေယျဂိုဏ်းဝင်မှန်သည့်၊ သမိုင်းတင်ရန်ဂုဏ်ရည်များ။ ။လှိုင်းတရဂ်ံ ပုံနည်ထားလို့၊ အဟုန်ရှည်လျား လုံ့လတော်။ ။ဘုန်းရှင်ကံရှင် စံတင်ထားဘို့၊ အကြံအင်အားလက်ငင်းပြလို့ဖော်။ ။ဘုရားကြီးတိုက် ထေရ်ဘုန်းမော်မှာ၊ ပြည်လုံးထင်ပေါ်, ထုတ်ယူ

ကသိုဏ်းပ-ပခုက္ကူဂိုဏ်းနေ့,လပမာဒှိ,ထေရအာသဘိ။ ။
အဂ္ဂပဏ္ဍိတ်ဘွဲ့ထူးချီတယ်၊ အဘွဲ့ကျူးသိ ကုန်ဆုံးပေလိမ့်
လေး။ ။

## ရထားလွတ်ချက် သိကြားစက်

၂။ နဝကော, တိကေဟု၊ သိစေကာလတွက်စစ်သော်၊
ကဝိထေရ တက်ခေတ်မြော်သည်၊ သက္ကရာဇ်ပေါ် ဗြိဋ္ဌာ
တွင်း။ ။ဝေပာဂ်မ,ရထားဆောင်ပျံဝယ်၊ယမားအောင်လံ
တင့်မျိုးဖွဲ့လို့ကျင်း။ ။နတ်စောင်းနတ်ငြင်း တီးမှုတ်ကာ
ငယ်၊ အပြီးဆုတ်ခွါ လူ့ပြည်တွင်း။ ။ခရီးသုတ်ပြာ
ပြုရည်ခြင်းက၊ သမုထေရ်ရင်း ဆောင်ဘို့ရန်။ ။သူဇာ့
သက်ဝေ ရှင်သိကြားက၊ သျှင်ပင်ဘုရား ပင့်ရေးမိန့်ထုတ်
ပြန်။ ။ပလ္လင်ခြောက်ခန်း - နန်းခြောက်ယံဝယ်၊ စခန်း
ထောက်ရန် ကြိုဆိုကြထင့်၊ အို-အို-ဘုရာ့ လွမ်းဆွတ်
ကျန်ရစ်ရှာ၊ နွမ်းညွတ်မြန်ခေတ်မှာ။ ။တည်မမြဲလို့
ကြည်ကွဲပါတယ်၊ မထေရ်သညာကွေကွင်းပြန်ပေါ့လေး။

## ရှင်သေဖြစ်ပျက်-သံဝေဂက်

၃။ သီတဂူရှင်, ဂုဏ်မှုကြွေ့သည့်၊ ဘုံဇမ္ဗူမြေ
ဇေ့လက်ျာ၊ ဥဏ္ဏဂူနေ နေတက်အခါမှာ၊ မဟောသက္ခာ
ခန္ဓာပြောင်း။ ။ဘုရားကြီးတိုက် သိမ်ကျောင်းဇေ့ဝယ်၊
အိမ်ဟောင်းအနေ စွန့်သွားစေဘို့အကြောင်း။ ။တပည့်
လက်သား သယ်ာတွေမှာ၊ တင်ပဏာဒွေ မျက်ရည်
လောင်း။ ။ကြင်နာမပြေသက်ရှည်ကြောင်းနှင့်၊ စက်ကတီ
ပြောင်း သူ့ထက်ငါ။ ။ဇီဝကနှယ် သမားစုံကျင်းလို့၊
အားကုန်အတင်း လွှန်ဆွဲပုံပမာ။ ။သိကြားဘက်က

အားစက်သာတယ်၊ တရားသက်ကာ သံဝေသုံးပေါ့၊ မြန်ပြေ (ပြည်)အလုံး - ရေဝေးကြာအသွင်၊ ပြေအေး ခါမမြင်။ ။ရှင်သေဖြစ်ပျက် တရားအစဉ်ကို၊ သိကြား ဘုရင် ကြုံဦးမယ်ဖျလေး။ ။

အဂ္ဂမဟာပဏ္ဍိတ-ဘုရားကြီးဆရာတော်ဘုရားအား အန္တိမပူဇာ=ဧးယာဉ်ကျူး

**သံဝေဂ မိုဒ်စုံရတု**

၁။ **ဆွေးဘို့ဖန်လာ၊** မြန်မကြာတည်း၊ ခန္ဓာငါးတန်၊ သမုဒ္ဒာန်ကြောင့်၊ ရုပ်နာမ်ထင်ရှား၊ ရှင်ပင်ဖျားလည်း၊ အများသူငါ၊မငွဲ့ညှာဘဲ၊ထက်ရွာနန်းဆီ၊စခန်းချီခဲ့၊ကောလီ ဓာတ်ပြောင်း၊ အခါကောင်းမှာ၊ ညှာညောင်းကွေ့လစ်၊ တပုံဖြစ်အောင်၊ စွန့်ပစ်တော်မူ၊ အကြောင်းယူက၊ သုံးလူ မြတ်စွာ၊သာသနာ၌၊ ခြောက်ရွာနတ်ပြည်၊ရှင်လှည့်လည်၍၊ အောင်စည်ရိုက်ကြွေး၊ အမြိုက်ဆေးကို၊ တိုက်ကျွေးလိုဘိ၊ ကြီတော်ရှိထင့်၊ ဘုမ်နက်သန်၊ လူ့ရုပ်ဌာန်ကို၊ နောက်ဆံ တင်းကာ၊မကြွလာဘဲ၊ မျက်နှာမလွှဲ၊မငဲ့သည်သာ၊ ဖြစ်လေ ရာဟု၊ ပူဆာလိုက်လှဲ၊ ဆထက်ကဲသည်။ ။**ဝေခွဲမရနိုင်ဗြို ဘုရား။**

၂။ **တွေးလို့ပန်ထွာ၊** ရှိသေစွာတည့်၊ အင်္ဂဇယာဒွေး၊ ဧက်ကိုရေးဘို့၊ ဟိုရှေးကံချယ်၊လူ့ဇာတ်နွယ်သို့၊ ဆက်သွယ် ရောက်လာ၊ သက်တော်မှာမူ၊ သတ္တာဧကော၊ စွန်းချိန်ကျခဲ့၊ ဘာမျှမကြာ၊ လူတို့ရွာ၌၊ ခန္ဓာပြတ်ငြိမ်း၊ တဇာတ်သိမ်းရှင့်၊ ယိမ်းနွဲ့ပူဆာ၊ မြတ်သဃာတို့၊ ချူချာပန်းခွေ၊ မြော်လင့်

ထွေဖြင့်၊ တနေ့ဝင်လျှီး၊ မြင်ရနိုးနှင့်၊ တမိုးသောက်ခါ၊ ရှင်ရောက်လာလိမ့်၊ မြတ်စွာဘုန်းရှင်၊ နိဗ္ဗာန်ဝင်က၊ အသျှင်အာနန်၊ပူဇေဖန်၍၊ ရက်ချန်ကင်းစေ၊လွမ်းမိုးစွေသို့၊ ပုံသေထို့တူ၊နေ့စဉ်ပူ၍၊ရှစ်ဆူလောကဓမ်၊သဘောမှန်ကို၊လက်ခံအမြဲ၊ စိတ်မှာစွဲသည်။ ။သေကွဲ အစနိုင်ပြီဘုရား။

၃။ ဧးမြို့ရန်ကွာ၊ ရောက်စေငှါတည့်၊ ခန္ဓာစက်ကွင်း၊ ကျသက်ဆင်းသော်၊ ပျက်ခြင်းကောန်၊တွေ့မြဲမှန်ရှင့်၊ နိဗ္ဗာန်မှသာ၊ လွန်ချမ်းသာလိမ့်၊ မဟာထေရ်ကျော်၊ တို့ဘုန်းမော်ကား၊ ရှစ်ဖော်သံဝေ၊သဘောချွေ့တို့၊ကိန်းနေတည်ရာ၊တိုက်ဝိဟာနှင့်၊ မျက်နှာညှိုးခွေ၊ တပည့်တွေကို၊ ပိယေဝိပ္ပယော၊ မှန်သဘောကို၊ ဟောခဲ့သည့်ဟန်၊ နန်းဝေယန်သို့၊ ဓိဋ္ဌာန်စွဲမှီ၊ စခန်းချီ၍၊ ဂုဏ်ဆီကြွင်းကျန်၊ ပူဇေဖန်ခဲ့၊ နိဗ္ဗာန်ကျောင်းပျော်၊ အလောင်းတော်ကို၊ ကော်ရော်စီစဉ်၊ မြေးယာဉ်၌၊ နွဲ့ယှဉ်ကာပ၊ပဏ္ဍာသတို့၊ဟာသသံစုံ၊ သဒ္ဒါရုံဖြင့်၊ ကျူးတုံပဋ္ဌင်၊ ကောင်းချီးယင်၍၊ဘဝင်ထဲမှာ၊ထင်မြဲသာမို့၊ ပျော်ပါနိုင်ဘဲ၊ ပူဇော်နွဲ့သည်။ ။နေ့လဲ မလှနိုင်ပြီဘုရား။

# ယောဉ်ကျူး-ငိုချင်းရှည်နှင့်
# လေးချိုးငိုချင်း

[နိုင်ငံတော် ဗုဒ္ဓသာသနအဖွဲ့, ပိဋကတ်တော် မြန်မာပြန်ဌာန စာတည်းအယ်ဒီတာကြီး ဆရာကြီး ဦးထွန်းအောင် ရေးသားစီကုံးသည်။]

**၁။ ငိုချင်းရှည်။** ။(အမယ်လေး) အရှင် ဆရာ.... သနားစဖွဲ့၊ များတပွဲ့တို၊ငွဲ့မညှာဘဲ။ ကရုဏာခန်း၊ ပြတ်မကွာတယ်၊ ထပ်ခါခါ လွမ်းရစ်စေဘို့။ နတ်နန်းဗဟို။ ဖော်မမှီးဘဲ၊ ကိုယ်ထည်းပင် ခိုရေ့သလော့။ ဖိုဖိုလှိုက်ဆူ။ နွမ်းယိယိနှင့်၊ မချိအောင် ပူလှချည့်။ လူသူတကာ။ သောကမီးက၊ ညီးညီးရယ်ဖြာ၊ ဆရာဘုရား။ ရှေးအခါက၊ ညှာသနားတတ်တဲ့၊ တရားအစစ်။ ကရုဏာရှင်၊ လူ့ရွာတွင်၊ အရှင်ဖြစ်လျက် ကယ်နှင့်၊ကြင်ချစ်မသနား။ ယခုခါမှာ၊ကရုဏာပါးသော်ကြောင့်။ ကြွသွားနတ်ရွာ.... လူအရှင် တောက်ခေါ်မှန်းပါလို့၊ လွမ်းကြရှာတဲ့မှ လွမ်းကြရှာဘုရား....။

**၁။ လေးချိုးငိုချင်း။** ။မဟာထေ- မြတ်ဆရာတပါးမှာတော့။ဒကာတွေကို- ထပ်ခါမသနားသော်ကြောင့်။အမယ်လေး။ နတ်ရွာသွားတော့ဒါလား-အရှင်ရယ်။ ။သနားလှဲ့ပါအုံးဘုရော့။ အားနွဲ့ကာ-ပူအပင်နှင့်။ လူအရှင်-တပည့်တပန်းတို့မှာဖြင့်။ တူမရွှင်-မချိနွမ်းပါလို့။ တောက်ခေါ်ကာ- ထောက်မြှော်လို့ မှန်းရတယ်ဘုရား။ လွမ်းစ သွယ်သွယ်။ ။ကရုဏာ- အရှင်ဖြစ်လျက်ကယ်နှင့်။ ယခုမှာ-ကြင်မချစ်သော်ကြောင့်။ တမင်ပစ်ပါလို့- ခွဲကာတကယ်။

လွှဲကာဖယ်ဒါလသခင်ဘုန်း။ ။မချိသလေ။ တပည့်ရယ်—ဒကာတွေဖြင့်။ ပရိဒေ- နေ့စဉ်ပွားပါလို့။ တပါးရယ်-ရှင်ဆရာကြောင့်။ ရှင်မသာ-သောကမီးတွေနှင့်၊ တဖိုဖို-ငိုငိုလို့ညီးရတယ်ဘုရာ။ အမယ်လေး····ကြီးတဲ့ပူလုံး····။

၂-ဒိုချင်းရှည်။ ။(အမယ်လေး)ဆရာဘုရာ့။အစဉ်အလာ၊ရှင်သာသာနှင့်၊ဒကာဒကာမတို့မှာ။နေ့ညမပြတ်။ ရှိဦးရယ်တင်၊ဖူးမြင်လတ်၍။အမြတ်မထည့်။ဘဂဝါဘုရား၊ ပမာလားသို့၊မှတ်သားရည်လျက်။ ကြည်ကြည်ညိုညို။ သဒ္ဒါစိတ်ကို။ဖိတ်ဖိတ်ယိုအောင်။လိုတော်ရှိတိုင်း။အလှူမှုကို၊ခုမဆိုင်းဘဲ။ ညွှတ်ကိုင်းရိုသေ။ ကိုးကွယ်ရှာကြ၊ ဒကာဒကာမတို့မှာ၊ သောကပွေလျက်။ မထေအရင်း၊ကြည်ညိုရှာသူတွေမှာ၊မိုခိုရာကင်းလို့မို့။မယွင်းအားနွဲ့။ညှိုးငယ်စွာနှင့်၊ကိုးကွယ်ရာမဲ့ချေပေါ့။တပည့်အပေါင်း။ရှပ်ကျုန်လတ်တဲ့။မြတ်အလောင်းကို၊ညွှတ်ပျောင်းလို့သာမရှင်။အဥ္စလီပဏာဖူးပါလို့။ရှိဦးတင်တဲ့မှ ရှိဦးတင်ဘုရား····။

၂-လေးချိုးဒိုချင်း။ ။နွယ်မဟာ-အရှင်မြတ်ကိုလ။ဘယ်အခါ-တမင်မလပ်ရပါဘူး။ အစဉ်မပြတ်အောင်ပ-တပည့်တွေ။ ။ဘုရားတမျှသာပ။အားရစွာ-ရှင်ကြည်ကြည်နှင့်။စဉ်အညီ-သဒ္ဒါကြသော်ကြောင့်။အဥ္စလီ-ပဏာသပါလို့။ ညှိုးမငယ်-ကိုးကွယ်ကြတယ်ဘုရာ။ မျှားစွတွေတွေ။ ။ကြည်ညိုရှာ-ဒကာတသင်းတို့မှာဖြင့်။ မှီခိုရာ-တခါကင်းချေပေါ့၊ ဆရာအရင်းရယ်က-မသိပေ။ပရိဒေရယ်နှင့်-အပူထူး။ ။မြတ်ဘုန်းမိုရယ်။ နတ်ကျောင်းကို-ဝင်ကာခိုလို့။ ကြည်ညို-သူ ဒကာဒကာမတို့မှာဖြင့်။ လာကြကာ-ကျောင်းတော်ဦး

ဆီက။ စောင်းမျှော်ကာ။ အလောင်းတော် ဖူးရသော်လဲ။ တဦးရှင်-ကိုယ်တော် မသိဒါကြောင့်။ လာလာသူ-ဒကာ တပည့်တို့မှာဘုရား····(အမယ်လေး)အားမရှိဘူး····။

၃—ဒိုချင်းရှည်။ ။(အမယ်လေး) ဆရာတော် ဘုရား။ မသွေတဖုံ၊အခြေရယ်သုန်၊ နေပုံတော်ခြားပါပေါ့။အများသူငါ။ လာလာသမျှ၊ ဒကာဒကာမတို့ကို၊ ခွန်းဟခါဖြင့်။ သာယာချိုမြ။ ထုတ်ခါ ဖော်လို့။ နှုတ်တော်မှ ဟပြီဘူး။ မြသလွန်ဖွေ။ ရွှေကြာကလပ်။ ဝေစွာလျှပ်တဲ့။ နတ်ရဝေမှာ။ မထေအစစ်။ တကယ်ပိုအောင်၊ ဘယ်လိုပင် ဖြစ်ပါလိမ့်။ စနစ်လွန်ကျူး။ အခက်ကြိုအောင်။ ကျိန်းစက်ပုံထူးလှချည့်။ ထေရ်မှူးတဲ့မြတ်မဟာ။ လူအရှင် ပဏ္ဍာကြို့ပါတဲ့။ ဒို့ဆရာတဲ့မှ ဒို့ဆရာဘုရား····။

၃—လေးချိုးဒိုချင်း။ ။ဒို့ဆရာ-မထေ ဘုရား ရယ်က။ ကိုယ့်ဒကာတွေကို-အရှေ မသနားရှေ့သလား။ (အမယ်လေး) အနေဖြင့် ခြားပါပေါ့-ခုအခါ။ ။အရင်တုံးကတော့။ ရှင်ပြီးရယ်-သာကျူကျူနှင့်။ လာလာသူ- ဒကာဒကာမတို့ကိုလ။ နှုတ်ဝစီ-ထုတ်ချီဟပါလို့။ ညွှန်းဖော်ကာခွန်းတော်-သ-တယ်ဘုရာ။အားရစရာ။ ။ယခုမှာ-ကျောင်းတော်အမြင့်ဆီက။ သမုဒ္ဒာ-စောင်းမျှော်လင့်တဲ့ပြင်။ခေါင်းတော်ပင့်ပါလို့ ကြည်သာသာ။ ထေရ်မဟာရယ်က-ကြည့်ပြီဘူး။ ။ရှိုဦးငယ်တင်ပါတယ်။လှစ်ကျူးကာ-ပဏ္ဍာဆင်၍။ ဖူးမြင်သူ ဒကာဒကာမတို့ကိုလ။သာ ဟ-ကာ-မှန်သလိုပ။ သံချိုချို-နှုတ်တော်မှမြွက်ရှာဘူး။ငွေသလွန်-ဖွေစွန်အထက်မှာဘုရာ။ (အမယ်လေး)ကျိန်းစက်ပုံထူး····။

၄—ဒိုချင်းရှည်။ ။(အမယ်လေး)ဆရာဘုရား။ ရှေးအခါ က၊ဝေးရာသို့သွားခဲ့လျှင်၊ အလားထောက်ဆ။ မရှေမကြာ၊ တပြေရွာက။ ဘယ်ခါသို့ကျလျှင်ဖြင့်။ မုချအတည်။ အမြန် လှည့်၍။ ပြန်ခဲ့မည်ဟု။ နှုတ်ချီစကား။ အရာရာကို မှာကာ ထားလို့၊ ကြွသွားသည့်တွက်။ မှန်မကွာအောင်၊ပြန်လာမဲ့ ရက်ဘို့ကို။ ရေတွက်မျှော်မှန်း။အတည်မကွာ၊ ထေရ်မဟာ ၏။ ကြွလာမဲ့လမ်းဆီသို့။ စခန်းမဖောက်။ အလိုမြှော်၍။ အကြို ထောက်ကြရ။ နောက်ကအလုပ်။ သမုဒ္ဒာရယ်။ ခုခါဖြင့် ဟုတ်ပြီဘူး။ သုတ်သုတ်မကြာ။ နောက်ပါ မမှီး။ အချည်းနှီး၊ကိုယ်ထည်းသာဖြင့်။ ပြန်လာမဲ့ရက်။ ထုတ်ခါ ရယ်ဖော်။ နှုတ်တော်မှမြွက်ပြီဘူး။ အပျက်စခန်း။ အမြန် လှည့်ပြီး။ မပြန်မဲ့လမ်းကိုလ။ ကြွလှမ်းလို့ခနော်။ တပည့် တပန်း၊ဘယ်ဆီကမှန်းလို့မို့။ဘယ်လမ်းကမျှော်ရပ။ ဆရာ တော်သခင်··အများလူညွှတ်ကြည်ရှိုးပါတဲ့။ ထေရ်ဘုန်းရှင် တဲ့မှ ထေရ်ဘုန်းရှင်ဘုရား····။

၄—လေးချိုးဒိုချင်း။ ။ဟိုယခင်-တွေးကာ - ဆ - လိုက် တော့။မချိမရှင်-ဆွေးပါလှချည်ရဲ့။ (အရှင်ဘုရာ)ရှေးခါ ကရယ်နှင့်-မတူချေ။ ။ရှေးအထက်ကတော့။ တွေးလျက် ကယ်-အသာမြှော်၍။ ဆရာတော်ရပ်တပါးဆီသို့။ ကြွသွား ဒါ-အတန်ကြာက။ ပြန်လာရန်-အချိန်ရောက်ပြီလို့။ တပဲ့ တွေ-အကြိုထောက်ရတယ်ဘုရာ- ဝမ်းမြောက်သလေ။ ။ ယခုမှာ-မပြန်လမ်းဆီသို့။ သမုဒ္ဒာ- အမြန် လှမ်းသော် ကြောင့်။ဘယ်စခန်းရယ်နှင့် ဘယ်ရွာပြေ-ဘယ်မှာနေတယ် လို့-သိပြီဘဲ။ ။လွမ်းစရယ်ပွေ။တမ်း-တ-ကာတာအရှေပ။ မဟာထေ-ဆရာဘုရားရယ်က။ အရာတွေ - မမှာထားခဲ့

ဒါကြောင့်။ အများလူ-တပည့်တပန်းတို့မှာဖြင့်။ ရွယ်ရည်ကာ-ဘယ်ဆီမှန်းရပဘုရာ(အမယ်လေး)လွမ်းစမစဲ....။

၅-ငိုချင်းရှည်။ ။(အမယ်လေး) အရှင့်ဖြစ်အင်။ မှန်အရေး၊ပြန်တွေးလျှင်မူ။ ဘဝင်ဖိုလှိုက်။မလွဲကြုံတယ်။သဲတုန်လို့ဟိုက်လှချည့်။ထိုက်သင့်ရာရာ။ရောဂါစစ်၊ ဖြစ်ခဲ့ပါလျှင်။များစွာအပေါင်း။ အရာရာကို၊ ဆရာကောင်းနှင့်၊ သောင်းသောင်းဖျဖျ။ မပျက်မကွာ၊ အချက်ရှာတယ်၊ သက်သာရာရစေဘို့။ ထောက်မပင့်ကူ။ ဆေးစုံစွာနှင့်၊ အစာချင့်၊ သင့်အောင်ယူ၍။သူငါကစ။လူအရှင်မှာ၊ကုချင်ကြသော်လဲ။ဖြစ်ရခုမှာ။ဆေးဝါးပယောဂ၊ အစစနှင့်၊ ကုမကာဖြင့်။ ဒကာဒကာမ။အရှင့်ထံမှာ။ ဝန်းရံ-ခ-လို့။ လောကအရာ။ ဝတ်အမှု၊ မပြုသာဘူး။ကဗျာသုတ်သက်။နတ်တို့ပင့်ရာ၊ မြင့်အာကာ၊နတ်ရွာဘက်သို့၊ငဲ့ကွက်မညှာ။မပြန်စခန်း၊အမြန်လှမ်းပြီး၊ကြွမြန်းရှာလို့။ဆရာဘုရား။ အရာရာကို၊ မှာမထားဘဲ။များအသွယ်သွယ်။အတင်းအပြည့်၊ တိုက်တွင်းရှိတဲ့၊တပည့်ငယ်တွေကို။တကယ်မစောင့်။ခန္ဓာဆောင်တယ်၊လာအောင်မှအောင့်နိုင်ဘူး၊မဖြောင့်ဘို့ဖြစ်ရအင်....နတ်ရွာကိုအမြန်လိုက်ပါတဲ့။တိုက်ကြီးရှင်တဲ့မှ တိုက်ကြီးရှင်ဘုရား....။

၅-လေးချိုးငိုချင်း။ ။ဖြစ်ရအင်-တနဲတဖုံအရေးကိုလ။စစ်ခါပင်-မလွဲအစုံတွေးလိုက်တော့။အမယ်လေး။အသဲတုန်လို့ဆွေးလှချည့်ရှဲ့-အရှင်ဘုရား။ ။ရောဂါအဖြစ်ကိုလ။စီစစ်ကာ-ဆရာတွေနှင့်။ ဒကာတွေ - ဝန်းရံလှည့်တဲ့ပြင်။တပည့်တွေ-စုံစွာခေါ်၍။ဆရာတော်-ကျန်းမာမှုကိုလ။အရာရာနေ်-လှမ်းကာမပြုရဒါကြောင့်၊ တွေးရှုလို့နာပါတယ်

ဘုရာ။ ဆွေးမှုဖြာဖြာ။ ။တပည့်ပုံ-တကာအများကိုလ။ စည့်အစုံ - အရာရာစကားတွေနှင့်။ မှာကာမထားနိုင်ဘု- မြတ်ထေရ်မဟာမှာ။ နတ်ပြည်ရွာကိုတဲ့ - အကြွစော။ ။ ငွဲမညာပါတယ်။ တပွဲတွေ-အဖြာဖြာနှင့်။ တကာတွေ-လာ အောင်စောင့်ပါလို့။ ခန္ဓာကို - အသာမှမအောင့်နိုင်ဘူး။ မဖြောင့်နိုင် - သည်အရေးကိုလ။ မှန်မကွာ- ပြန်ကာတွေး လိုက်လျှင်ဘုရာ။အမယ်လေး။ဆွေးဟိုက်လို့မော....။

၆–ဒိုချင်းရှည်။ ။(အမယ်လေး)တိုက်ကြီးသခင်။ မငွဲ့ မစောင်း။ တလွဲပြောင်းပြီး၊ နတ်ကျောင်းကို ဝင်သော ကြောင့်။ အရှင်ဘုရား။ တပည့်သွယ်သွယ်၊ ဂုဏ်မထယ်တဲ့၊ အငယ်များမှာ၊တပါးဆရာ။သွေ့စွာမယွင်း၊ ခြေရာဆင်းပြီး၊ နင်းရမှာကို၊ တိုက်တာကကြီး။ အရှင်ပမာ၊ သွင်မကွာ အောင်။ သဃ်ာထီးဟု၊ ဦးစီးအုပ်ချုပ်။ သာသနာတော်၊ ကမ္ဘာကျော်အောင်၊ဆရာတော်အလုပ်တို့ကို၊ ပြုလုပ်ဆောင် သွေး။ အခြေသစ်ပြီး၊ နေရစ်မဲ့ အရေးတို့ကို။ စစ်တွေးပြန် ကြည့်။အရာရာကို၊ဆရာတော်သိရက်ကနှင့်၊ တပည့်အများ၊ တွန့်မညာတယ်။ စွန့်ခွါထားလို့။တပါးဆရာ။ အရှည်စိုက် တဲ့၊ဤတိုက်တာမှာ။ခုခါတည်ရစ်၊အရှည်မြဲပြီလို့ စိတ်ထဲမှာ ဖြစ်တာနဲ့။ဥပေက္ခာမှု။ ထေရ်မဟာရယ်။ သည်တခါပြုရက် ပေ့။ ပြန်ရှုမစစ်။ကျောင်းတိုက်တာကို။ စွန့်ခွါလို့ပစ်သော် ကြောင့်။ ကျန်ရစ်တဲ့တပွဲတွေ။ နောင်တာရှေ အပူမီးဟာ ဖြင့်။ကြီးလှချေတဲ့မှ ကြီးလှချေဘုရား....။

၆–လေးချိုးဒိုချင်း။ ။တပည့်ရှင်- အငယ်အများတို့ကို လ။မကြည့်ချင် - တကယ် မသနားသော်ကြောင့်။ (အမယ်

လေး) ဖယ်ကာသွားတော့ဒါလ- အရှင်ရယ်။ ။အခြေ
စစ်လိုက်တော့။နေရစ်သူ-တပည့်အများမှာလ။ တပါးရယ်
အရှင်ဆရာသို့။ အစဉ်အလာ-တိုက်တာစီးပါလို့။မှန်မကွာ-
သံဃာထီးရယ်ဟု။ အံ့ချီးဘွယ်-ဂုဏ်သဒ္ဒါနှင့်၊ အစုံသာသ
နာ-မြွေအောင်အမှုကိုလ။ အထုံပါပါ - ရွှေဆောင်ပြုပါ
လို့၊ တခုပင့်ကျန်မလစ်ရအောင်။ ပွါးစစ်လို့ တကယ်ပါ
လေကွယ်။ အားသစ်ရမယ်။ ။မြင့်ရှေစွာ-တိုက်တာ အ
တွင်းမှာလ၊ရှင့်ခြေရာ-လိုက်ကာနင်းပါလို့။ ရိုက်ရာမယွင်း
အောင်ပနေရမယ်။ အခြေကမငယ်ပေမဲ့- အခက်သား။
သည်ဖြစ်အင်။ စီစစ်ခါ-ကိုယ်တော်မြင်ရက်ကနှင့်။ဖြစ်ချင်ရာ
အမှန်ဖြစ်စေလို့။ကျန်ရစ်ရှာ-တပဲ့အများကိုလ။ပြန်စစ်ခါ-
ငဲ့မသနားသော်ကြောင့်။ပစ်ထားကာ- တိုက်တော်ကျောင်း
ရယ်က။ မြတ်ဆရာ—နတ်ရွာပြောင်းတယ်ဘုရာ။ (အမယ်
လေး)ကောင်းနိုင်ရဲ့လား....။

၇—ငိုချင်း၊ရှည်။ ။(အမယ်လေး)အရှင့်အတွက်။တရား
မကျူ၊ အများလူမှာ၊ ပူရတက်နှင့်။ တသက်သက်ဆွေး။
ဒုက္ခရယ်ပို။ ငိုကာကြွေးလျက်၊ မဧးဗျာပါ။ တရားမသိ၊
များတပည့်တို့၊ ရှိရပါပေါ့၊ ဆရာဘုရား။ အစဉ်မကွာ၊
သင်္ခါရာကို၊ တင်ကာထားလို့။တရားသဘော။သမုဒ္ဒာရယ်။
ခုအခါဟောလှဲ့ပ။စိတ်ဇောလှိုက်ဆူ။ရှင့်အတွက်ကြောင့်၊
ပင့်သက်ကိုရှူကြရ၊ ပူသူတကာ။ဓမ္မောသဓ၊ ဟောမပြလျှင်၊
သောကဖြာလျက်၊ပူဒါအဆွေး။နွယ်မဟာရယ်၊ ဘယ်ခါမှ
ဧးနိုင်ဘူး၊မနှေးအမြန်။သတ္တဝါမဟုတ်၊ဓမ္မာချုပ်တဲ့၊ရုပ်နှင့်
နာမ်ကို၊ဟုတ်မှန်ထင်ထင်။ ဒကာအများ၊ တပည့်သားတို့၊
တရားမြင်ဘို့။ တင်အနိစ္စ။ လက္ခဏာကို၊ ဆက်ကာပြလို့၊

ဓမ္မကထာ····မြတ်အရှင်-သံချီနှော့ပါလို့။ ဟောလှဲ့ပါတဲ့မှ ဟောလှဲ့ပါဘုရား····။

၇—လေးချိုးဒိုချင်း။ ။တပါးနော် - ဆ ရာ ဘု ရား ရယ်ကြောင့်။ တရားတော် - ဓမ္မာမရနိုင်ဘူး၊ (အမယ်လေး) ဒကာ ဒကာမမှာတဲ့-ဒုက္ခပို။ ။သခ်ါရကိုလ။တင်ပြကာ-သေအချာပ။ဓမ္မေအလာ-အစဉ်သဘောကိုလ။ထေမဟာ-အရှင်ဟောပါမှ၊ မနောကံ-ပူအဆွေးမှာဖြင့်။ မှန်မက္ခာ-မြန်စွာ ဧးလိမ့်မယ် ဘုရာ - တွေးဆ-ချိချို။ ။တရားမူ-ဟောကာမပေးလျှင်လ။ အများလူ - သောကမဧးနိုင်ဘူး။ လောကအရေးရယ်က - ခက်သကို။ တသက်သက်ငိုပါလို့-ပူမဆုံး။ ။တပါးဆရာရယ်။တရားတော် - စဉ်အလာပ။ သခ်ါရာ-အနိစ္စတရားရယ်ဟု။ ထင်မြင်စွာ- စိတ်ကထားရအောင်၊ အများလူ-ဒကာ ဒကာမတို့ကိုလ၊သာ ဟ-ကာ-သံချီနှော့ပါလို့။ ဟုတ်အမှန် - ရုပ်နာမ်သဘောကိုဘုရာ၊ (အမယ်လေး)ဟောပြလှဲ့အုံး····။

၈—ဒိုချင်းရှည်။ ။ဗု ဒ္ဓ မ ဟာ။ အပေါင်းသိုက် မြိုက်၊ အခေါင်ဆိုက်တဲ့၊ ကျောင်းတိုက်တာမှာ၊ မဟာအဂ္ဂ။အမှန်ကဝိ၊ စံမရှိတဲ့၊ ပဏ္ဍိတဟု၊ နာမပေါ်ထင်။ ကြည်ဖြူမညှိုး၊ ပြည်သူရယ်ကိုးပါတဲ့၊ တန်ခိုးရှင်မှာ၊ ဝိညာဉ်တော်ချုပ်။ တည်မငြိမ်အောင်၊ဇီဝိန်တော်ပြုတ်သော်လဲ။ရွှေရုပ်အကျန်။ ခေါင်းတော်တွင်း၊သွင်းကာနှံ၍၊ စံတော်မူရာ။ကျောင်းတော်ထဲ၊ရှိဘဲခါမို့၊ဒကာ ဒကာမ။ စေတနာနှင့်၊ ချွေပဏာ-သကြရ။ ကာလမကြာ။ နှစ်ရက်မြောက်၊ ရောက်ခဲ့ပါလျှင်။ ဆရာတော်အလောင်း။ အမှန်ကျော်အောင်။ စံပျော်တဲ့

ကျောင်းဆီက။ ရွှေ့ပြောင်းတဖန်။ အခြေမဟုတ်၊ သရေ
နတ်တဲ့၊မြေသုသာန်မှာ။အမြန်ဆောင်ပို့။အပြီးဆင်တယ်။
မီးတင်လို့ရှို့ရချေတော့။ ဂုဏ်ကြို့တဲ့ဘုန်းကြွယ်....သဟာ
တွေ စိတ်ကတွေးပါလို့။ ဆွေးလှတယ်တဲ့မှ ဆွေးလှတယ်
ဘုရား....။

ဂ–လေးချိုးဒိုချင်း။ ။ခက်သမျှ အရာရာ - ဉာဏ်ဟိတ်
ပွါးသူမို့။ အဂ္ဂမဟာ-ပဏ္ဍိတ်တပါးရယ်ဟု (အမယ်လေး)
အမှန်တံဆိပ်သားရပါတဲ့-ဒို့အရှင်။ ။ဘဝဟောင်းကိုလ။
ခွါပြောင်းကာ-မခင်မင်၍။ သက်ဝိညာဉ်-ကြွေကာချုပ်
သော်လဲ။ ရွှေ ရုပ် ကျန် - ခေါင်း တော် နှင့် ထည့် ပါ လို့။
အလောင်းတော်-ကျောင်းပေါ်မှာရှိသော်ကြောင့်။တပည့်
တွေ - လာလို့ဖူးရတယ်ဘုရား။ဦးချပြင်ပြင်။ ။စေတနာ-
အကြည်ညိုထူးသော်လဲ။ ရှေအကြာ - သည်လိုဖြင့် မဖူးရ
ပေဘူး။ထေရ်အမ္ဘူးရယ်တဲ့ - ဆရာရှင်။ မကြာခင်ရယ်တဲ့-
တပိုလ္လဲ။ ။တသက်သက်ပေါ် ပါ တယ်။ နှစ်ရက်ကယ်-
အခါကျော်က။ ဆရာတော်-အရှင်ဘုန်းကိုလ။ စုရုံးကာ-
ဒကာတွေနှင့်။တာမရှေ-သုသာန်ပို့ပါလို့။ အပြီးပင်-မီးတင်
လို့ရှို့ရချေတော့မယ်ဘုရား။ (အမယ်လေး)လွမ်းရစ်ဘို့ဘဲ။

ဧ–သံဝေဂဒိုချင်းရှည်။ ။ဗုဒ္ဓမဟာများအသီးသီး၊ဘုရား
ကြီးဟု၊အံ့ချီးသာတဲ့၊မဟာတပါး၊မြတ်သမ္ဘာမော်၊ နတ်ရွာ
ပျော်တဲ့၊ ဆရာတော်ဘုရားကို၊ လွမ်းအားတက်ကြွ။ သူသူ
ငါငါ။ လူတကာတို့၊ ပူဇျာပါ-ခ-ကြသော်လဲ။ ဓမ္မအရာ။
မသွေအဖြစ်၊အခြေစစ်လို့၊အမြစ်ရှာလျှင်၊ သတ္တဝါဟူသမျှ။
ခေတ်အခါကြုံ၊ဖြစ်ရာဆိုတဲ့၊ဘုံဘဝမှာ။ နိစ္စမထင်။ အဝိဇ္ဇာ
ကြီး၊ပိတ်ကာဆီးတဲ့၊ ခရီးစဉ်မှာ၊ ခင်မင်စွဲကပ်၊ အစမကွာ။

ဘဝမှာ၊တဏှာတပ်လို့၊ဖြစ်လတ်သန္ဓေ။ကြုံကြုံသမျှ၊ ဘုံဘဝမှာ၊အစပွေလျက်။အရှေ့ဆက်ကာ၊ခန္ဓာဝန်ကြီး၊အချည်းနှီး၊ကြီးပွားလာ၍။ ဇရာတရပ်။မဖေါက်မသွေ၊ နောက်အနေမှာ၊ အသေထပ်လို့၊ မလပ်မစဲ။ ပြန်အခါခါ။ သံသရာမှာ၊ခန္ဓာတွေလဲလို့မို့။ ဝဲဂယက်ဆိုင်။သံသရာဝဋ်၊ခန္ဓာညွှတ်တဲ့၊ကတွတ်အိုင်မှာ။ မြဲခိုင်နိစ္စ။ မြူတစိမျှ၊ မရှိကြဘဲ၊ အနိစ္စအစစ်။ ပီဠနဋ္ဌ၊ အရှုပ်ပွတဲ့၊ ဒုက္ခကောင်ဖြစ်လို့မို့၊ အနှစ်သာရ၊မြူတစေ့မျှ။မတွေ့ရတဲ့၊ အနတ္တမှန်၊ ကိုယ်ပိုင်မဟုတ်၊ ကံပြုလုပ်တဲ့၊ရုပ်နှင့်နာမ်ကို၊ဟုတ်မှန်ထင်ထင်။မမှားအသင့်။ အလားချင့်ပြီး၊ တရားနှင့်ဆင်ခြင်လျှင်။ အရှင်မြတ်ဖျား။ အလုံးစုညွှတ်၊နှုံးတုလွတ်တဲ့၊သုံးလူ့ထွတ်ဘုရားသော်မှ၊ဖယ်ရှား၍မလွတ်နိုင်တဲ့၊ ဝဋ်ဘဝကြီး။မထောက်မညှာ၊ကြောက်စရာကို၊တောက်ခါကာညီးလောက်ကဲ့။အချည်းနှီးဘဝနယ်။ ရုပ်နှင့် နာမ်-ခန္ဓာပျက်ဟာမို့၊စက်ဆုပ်ဘွယ်တဲ့မှ စက်ဆုပ်ဘွယ်တကား....။

၉-သံဝေဂလေးချိုးကြီး။ ။ဘုရားကြီးဆရာတော်-အနိစ္စသဘောကိုလ။ တရားနည်းမကူသနော် - စိတ်ကစောပြီးတော့။ ထိတ်လှတဲ့မနောရယ်နှင့်-အမှန်ကိုင်။ အိုကွယ်....အနိစ္စသဘောကိုတဲ့-မဆန်နိုင်။ ။အော်-အဟောင်းအစ။ အကြောင်း-ဆ-လိုက်တော့။ အပေါင်းဇန-ထိုထိုသတ္တဝါတွေမှာ။ ထိတ်စရာအခင်းပေပ။ အဟောင်းဘဝ-ဟိုအခါမှာ-အဝိဇ္ဇာကမကင်းသော်ကြောင့်။စိတ်မှာမယွင်းအောင်-အရာရာခင်တဲ့။တဏှာအရှင်ဟာ-ဘဝါကိုငြိလေတော့။ ဇာတိနော်အခြေတည်၍။သွေမဖည်-ဇရာကစီးတဲ့ပြင်။မရဏာမီးတွေ-အကြိမ်ကြိမ်ပ။ တရှိန်ရှိန်-လောင်မစဲနိုင်ဘူး။ ဝဲသံ

သာရဘာဝအဆိုင်မှာလေကွယ်။ အမြဲမစံရ။အနဲနဲပြန်ပြန်ကျ
ပြီးတော့။အော်-နွဲ့ရပိုင်ပိုင်။ ။သိစရာ့ဓမ္မာအခြေကို-ထုတ်
ပြလို့လင်းရမှာဖြင့်၊ ရှိသမျှသတ္တဝါတွေမှာ - မုချမယွင်းကြ
ပါဘူး။ပိဋ္ဋနသဘာဝေ ဒုက္ခနှင့် မကင်းကြပါကလား။ ရှုပ်
သမျှအခင်းတွေက - အဆုံးအဆမရေနိုင်။ ဘုံဘဝပြေခရိုင်
မှာတဲ့-မမြတ်ပါသကော။ အော်····အလုံးအဝအခြေမပိုင်
ဒါတွေက-အနတ္တာသဘော။ ။ခုခါခါ=ဥပါဒါ - လွတ်
မပြီးနိုင်တဲ့။ဝဋ်မီးစာ-ခန္ဓာပျက်တွေနှင့်။ရာသက်ပန်အတူတွဲ
ပါလို့၊ဝဋ်ထဲမှာ-ချာချာလည်ကြရ။ သာကြည်ကြည်-တခါ
မျှမရှိပါကလာ့။ ဇာတိနေ့်အခြေကစခဲ့ဒါမို့။ သေရဒါ-
အကြိမ်ကြိမ်ပ။ တရှိန်ရှိန်စဉ်မပျက်ပါဘူး။ ပင်ထွက်ဉာဏ်
ဓမ္မက္ခာ,နရသနင်းသော်မှ။ စဉ်ဆက်ခံမပျက် ဘဝါအစက
ရင်းခဲ့ပါတဲ့။ပဋ္ဌကွဲန်သက္ကာယမကင်းသော်ကြောင့်။မဂ်အရ
ဟာဓမ္မနင်းကာ - သိဝံသို့ပြောင်းရှာရ။ ကြောင်းအခြေ-
ကရုဏာပါးသော်ကြောင့်၊ပေါင်းတတွေ-ဘယ်သူ့ကမှ ညှာ
မသနားတတ်ပါတဲ့။ မကောင်းသလေ ယခုဓမ္မတာတရား
တိုကိုလ။ အားရပါးရနှင့် - လက္ခဏာ ထင်စွာစောပြီး၊
အော်···အလကားဘဝတွေမို့ မဖက်ပါချင်စရာသဘော။

ဦးထွန်းအောင်
စာတည်းအယ်ဒီတာ
ပိဋကတ်တော်မြန်မာပြန်ဌာန
နိုင်ငံတော်ဗုဒ္ဓသာသနာ့အဖွဲ့ရုံး
ကမ္ဘာ့ဧ
၁၀-၁၁-၅၇

## နေနှင့်ကြာသို

နဝကာ မဇ္ဈိမာ စေဝ၊ ထေရာ စ သန္တိ သိက္ခကာ။
သူရောဒယေဝ ပဒုမာ၊ ပုပ္ဖန္တိ ထေရသန္တိကေ။

ဣဓ၊ ယခုပစ္စက္ခသာသနာတော်၌။ နဝကာစ၊ ရဟန်းဖြစ်စအရွယ် စာသင်ငယ်ပုဂ္ဂိုလ်တို့သည်၎င်း။ မဇ္ဈိမာစေဝ၊ အလယ်အလတ်တန်းဝင် ရဟန်းတော် အရှင်တို့သည်၎င်း။ ထေရာစ၊ ထေရရွယ်မြောက် လုံလောက်ဂုဏ်အင် မထေရ်စာရင်းဝင် အရှင်တို့သည်၎င်း။ သိက္ခကာ၊ ထိုဆိုအပ်ခဲ့ပြီးသော ထေရ နဝ မဇ္ဈိမအရွယ် စာသင်သား အံ့သွယ်သွယ်တို့သည်။ သန္တိ၊ ရှိကြပါကုန်၏။ ပဒုမာ၊ ပဒုမ္မာနှင့် ပုဏ္ဍရိက်ကြာစသော ကြာမျိုးငါးသွယ်တို့သည်။ သူရောဒယေဝ၊ နေခြည်ရောင်နှင့် တွေ့ဆုံမိမှသာလျှင်။ ပုပ္ဖန္တိယထာ၊ ပွင့်နိုင်အာနိုင်ကုန်သကဲ့သို့။ တထာ၊ ထို့အတူ။ တေပိ၊ အရွယ်ထိုထို စာသင်ပုဂ္ဂိုလ်တို့သည်လည်း။ ထေရသန္တိကေဝ၊ ဆရာတော်ဘုရားကြီး၏အထံ၌ ရောက်ရှိမှသာလျှင်။ ပိဋကပုပ္ဖံ၊ ပိဋကဉာဏ် ရင့်သန်ကြီးအာ ပွင့်ချပ်လွှာတို့ကို။ ပုပ္ဖန္တိ၊ ကားကား စွင့်စွင့် ငါးငါးငွင့်၍ ပွင့်သစ်တော်မူနိုင်ကြပါပေကုန်၏။

## သူလိုပုဂ္ဂိုလ်မှသာလျှင်

ထုတိကာမေန သေန္တာ၊
မဟာစေရဿ အနုပ္ပကာ။
ကေ ခေါ ဇညာ ဂုဏော ယေဝါ၊
တေပိ နူနဿ တာဒိသာ။

မဟာစေရဆဲ၊သာသနာ့ကြက်သရေ၊ လနေပမာ၊ ရှိန်ဝါတောက်ညီး၊ တကယ့်သာသနာပြု အာဇာနည် မဟာထေရ်ကြီး ဖြစ်တော်မူသော ကျေးဇူးရှင် ဆရာတော်ဘုရား၏။အနပ္ပကာ၊အနပ္ပကမ်း ဂဏန်းချ၍ ကုန်နိုင်ဘွယ်ရာ မရှိသော။ဂုဏော၊သိက္ခာသုံးရပ်ကျေးဇူးဂုဏ် အထပ်ထပ်တို့ကို။ ထုတိကာမေန၊ ချီးမွမ်းလိုမှု ထောမနာပြုလို၍။ သေန္တာ၊ မိမိသန္တာန်တွင် အသိဉာဏ် ဝင်သလောက် ကြံထောက်မွေကာ ဖွေရှာသမျှပြုစုကြပါကုန်၏။ဝေံပိ(ထည့်)၊ဤသို့ပင် ရှာလင့်ကစား။ ကော၊ အဘယ်သူတို့သည်။ ဇညာ၊ အမှန်စင်စစ် ကုန်စင်အောင် သိရှိနိုင်ကြပါမည်နည်း။ခေါ၊စင်စစ်။ ယေဝါ၊ အကြင်သူတို့မူကား၊ မဟာစေရဆဲ၊ ဆရာတော်ဘုရားကြီး၏။ ဂုဏော၊ သီလသိက္ခာ အစဖြာသည့် ကျေးဇူးဂုဏ်အရပ်ရပ်တို့ကို။ ဇညာ၊ သိစွမ်းနိုင်ကုန်ရာ၏။ တေပိ၊ ထိုသူတို့သည်မူကား။ တာဒိသာဝ၊ ဆရာတော်ဘုရားနှင့် ဂုဏ်ရည်ဂုဏ်သွေး ထပ်တူမွေးသော သူလိုပုဂ္ဂိုလ်ဖြစ်ပါမှ သာလျှင်။ ဇညာ၊ သိနိုင်ကုန်သည်။ အဿုန္နနာ၊ ဖြစ်လေရာပါကုန်၏။

## နတ်ရွာစံပျော် ဆရာတော်

ဂါမဏိံ မဟာစေရော၊
ဒေဝလောကာ နိမန္တိတော။
ဒိဝင်္ဂတော သမာရုယှ၊
ဆရထေသု ရုစိံ ရထံ။

မဟာစေရော၊ အနန္တဂုဏ်ရှင် ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီးသည်။ ဂါမဏိံ၊ကျေးတသင်းကို ပယ်ရှင်း

သုတ်သင် သီဟိုဠ်ဘုရင် ဂါမဏိကဲ့သို့။ ဒေဝလောကာ၊ စတုမဟာအစ-ဝသဝတ္တီအဆုံး ချိမ့်အိမ့်သာစည် ခြောက်ထပ်သောနတ်ပြည်မှ။ နိမန္တီတော၊ခြောက်စင်းသော နတ်ရထားတို့ဖြင့် မိတလိနတ်သားတို့က သူ့ရထားတက်ပါ၊ ငါ့ရထားတက်ပါ-ဟုသူ့ထက်ငါအလုအယက်ပင့်လျှောက်သည်ဖြစ်၍။ ဆရထေသု၊ ကိုယ်တော်ထံမှောက် ဆိုက်ကပ်ရောက်လျှဉ်း ခြောက်စင်းသော နတ်ရထားတို့တွင်။ ရှုစိံရထံ၊ အလောင်းတော်သို့ စံပျော်လေရာ တုသိတာသွားနတ်ရထားကို။ သမာရုယှ၊ ကောင်းစွာတက်စီးတော်မူ၍။ ဒိဝင်္ဂတော၊ လူ့ရွာငြီးငွေ၊ တုသိမွေ့ရန်၊ နတ်တို့နန်းသို့၊ လှမ်းကြွချီတော်မူခဲ့လေပြီတကား။

ဦးစိန်မောင်

(ခြောက်ထပ်ကြီး)
ဘုရားကြီး ဆရာတော်
ဈာပနပူဇော်ပွဲ

**ပါဠိ မိဿက ၁၀—ပေါ်တေးထပ်**

သံဃဿ စိတ္တံ-တိတ္တံ ကရ၊
နိစ္စံ ဓရ အဘိသေစနာ။
အဓိဋ္ဌံ ဓမ္မ ပဝိဝေကာ ဝါ၊
အတိဒေသနာ ဝါစေန္တော။
သိဿက သမူဟ (နိဂ္ဂဟ-ပူဇက)ဓုရသစ္စံ ဝါ၊
ကုသလ မေတ္တံသာ-ဂုရု-မာနိတော။ ။
ပိဋကတ္တယ တန္တိနယာ ဝါ၊
သန္တိ ဓမ္မာ-ပကာသေန္တာ။
ဗျန္တိကတာ ကထာပေန္တောတိ၊
သဒါ ကရောန္တော-မဟုဿာဟံ။
လောကဟိတံ သတိမဏ္ဍလ၊
အစိရံ ဝတ-ဟောတု နိဗ္ဗာနံ။ ။
တတောပါကဋ ဓမ္မောဘာသ ဥဒ္ဒိဋ္ဌံ ဝါ၊
တုဋ္ဌိဿကမှာ- ပရိယန္တောတိ။
ဒိဝင်္ဂတော-နာယကုတ္တရ မဟာထေရ်ကျော်၊
မဟာဥက္ကဋ္ဌ ဘုရားကြီးဆရာတော်။
သု-သု-နိ-အတ်- တွေးမှတ် မချော်အောင်၊
လေးမြတ်ကော်ရော်-ပူဇော်မာတီဖျော့လေး။

ပါဠိဆရာ ဆရာတင် (ဓမ္မာစရိယ)

ဘဝနတ်ထံ ပုံလွှန်တော်မူသော
ရန်ကုန်မြို့ ရွှေဂုံတိုင်လမ်း ခြောက်ထပ်ကြီး
ဘုရားကြီးဆရာတော်ဘွဲ့

## ရှစ်ဆယ်ပေါ် တေးထပ်

ဘုန်းစက်အာဏာ ဖြာဖြာလွှင့်၊
သာသနာဝင့် ကွန့်မြူးလာ။
ဆရာသခင့် ညွှန့်ဖူးလွှာမှာ၊
အလွန့်ထူးစွာ ရောင်ဝါသန်း။ ။
ယုဂန်နန်းမှ ယုန်စက်ငွေလို၊
ဂုဏ်ကြက်သရေ သာမျိုးစုံတင့်ဆန်း။ ။
ရှင်လူအပေါင်း မိုခိုရာ၊
ကြည်ညိုသဒ္ဓါ ဝေဖြာလန်း။
တေဇာ အာဏာ ကြေညာလွှမ်း၍၊
ပြေရွှာတဝှမ်း ကျော်လိုက်ဆူ။ ။
သုပ္ပဋိပန် ဂုဏ်တော်အစ၊
ထုံမွှံချယ်သ သင်းပျံ့တကြူကြူ။ ။
ဒေဝါအပေါင်း လာပင့်ယူသည်၊
ဗျာပါသင့်သူ ရှင်လူများ၌။
မရှင်ပူပွါး ရတက်ပွေ၊
သွင်စီးကျမျက်ရေ။ ။
နေဝန်း လဝန်း ကွယ်ယွန်းလေသလို၊
အလွမ်းမပြေ ဆယ်နေကဲဖျော့လေး။

ဦးစိုးဝင်း
ရောဝတီတိုင်း သာသနာရေးအရာရှိ။

## အဂ္ဂမဟာပဏ္ဍိတ-ဘုရားကြီးဆရာတော်ဘုရားအား
### မှန်းဆ၍-တမ်းတသော

# လေးချိုးကြီး

အမှတ် ၂၅၀၃
ရက်စွဲ ......

ဇေတဒဂ်မြှောက်စရာ ဆည်လျော်တဲ့အခင်းရယ်ကြောင့် ရွှေမမ္မစက် တောက်ခါ အမည်တော်ကလဲလင်းတာမို့၊ ပြေထက်အောက်ဗမာ မထေရ် ကျော် ခပင်းရယ်က၊ခြေတော်ရင်းမှာတဲ့များ၊ထိုထိုအစုံ အိုဂွယ်-ကဝေမော် တသင်း, အခြေမျှော်တဲ့အခင်းရယ်ကြောင့်၊ ပျားလိုအုံ....။

ဩော်....ကျောင်းကြီး ကျောင်းငယ် တိုက်တာအများမှာလှ၊ တဝေါ်င်း တစည်း-ညောင်းဘွယ် ထိုက်ရာထားပါလို့၊ မကြိုက်ဝါသနာများကို ရှောင် ပယ်ခွါစေ၍၊ နောင်ဝယ်အခါလေ သာသနာ့ခေတ်အတွင်းမှာလှ၊ဝါဒအစစ် မယွင်းအောင် အခါခါရည်လို့မို့၊ အာဇာနည်-ကဝိစာချ အများရယ်နှင့်၊ စာဝါအလီလီ-အလှည့်ကာလခြားပါလို့၊ အမိပမာတမျှ တပည့်လာသမျှ သားတွေကိုပညာသင်၍၊ ထေရ်မဟာသခင်-နို့ရင်အေးကိုလှ၊ပြည်ဗမာတခွင် တို့အရှင်ကျွေးရှာပေါ့၊စို့စဉ်ခလေးသမဏာ ချစ်စရာသားကိုဖြင့်၊ ပစ်ခွါသွား အောင်-ကြမ္မာပူတော့၊ဇာတာမူ ယွင်းသွေတဲ့ စခန်းရယ်ကြောင့်၊ဗျာပါဆူပူ- အတွင်းကြွေလို့နွမ်းတဲ့အောင်၊ ဘဂဝါအဆူဆူ မကင်းလေတဲ့လမ်းကိုဖြင့်၊ သာသနာ တလူလူ မလင်းစေဘို့ မှန်းရေ့သလား ဘုရား၊မြန်းကြွခိုလှုံ....။

လျောက်ပတ်တဲ့ နည်းနယတ်အဖြာဖြာ အဟုတ်မမှားအောင် ယူလို့မို့၊ ခြောက်ထပ်ကြီးမြတ်စွာရုပ်ပွါးညောင်တော်တဆူကိုဖြင့်၊ လုပ်အားဆောင် အလှူနှင့် ရတနာရွှေငွေတွေကလဲအဖုံဖုံ၊မဟာထေရ်ကိုယုံပါလို့၊အလှူ့ရှင်မစဲ၊ အနာဂတေ-သာသနေမှာ ကမ္ဘာအရှေကြိုအောင်လို့ပြုပြင်ဆဲ၊ ဆရာတော် ဘုရား....ဒကာတတွေ-ဗမာပြေမှာ-သဒ္ဓါတွေထုံပါလျက်ကယ်နှင့်၊ ဘဂဝါ အခြေမစုံတဲ့အတွက်ကယ်ကြောင့်–ထု-ရင်ကွဲ....။

တိုင်းကျော်-စရာ၊ ဂိုဏ်းတော်မဟာပခုက္ကူတလွှားမှာဖြင့်၊ သမုတ်ထူ ထားကာ မဟာနာယကတဦးပေမို့၊ သာသနအဖူးတွေ-တကယ်ယုံရတဲ့၊ စွယ်စုံကျော်လင်္ကာပဂေးမှာတော့၊ ဓမ္မရာဇ်အဆီကို၊ စံနစ်မှိုမှိုနဲ့ကျွေးရာက၊ သမုထေရ်- လူ့ပြည်မှဝေးတာကြောင့်၊ တပည့်ရဟန်း- ဒါယကာတွေမှာ၊ မချိနွမ်းရှာအောင် ဆွေးရပေါ့၊ တွေးလိုက်လျှင် - မေးခိုက်ခါငေးမိပေါ့၊ အေးကွက်ကို ဘယ်မမြင်လေဘူး၊ နွယ်အရှင် တုသိနန်းရယ်က၊ မနေသာ ပြေရွှာကိုမှန်းပါလို့၊ တပည့်တွေမချိလေတဲ့စခန်းကိုလှ၊ အမယ်မင်း-ရဟန်း သမဏာကို လွမ်းလှလို့ ဖျော်တာမပြေဘဲဟာမို့၊ ဆရာတော်ဘုရား.... နန်းအစက၊လှမ်းကြွဘို့၊ တမ်းတလို့ မျှော်ကာနေဆဲ....။

ဦးစိုးမြင့်-ဓမ္မာစရိယ

အောက်မြန်မာပြည် သာသနာရေးအရာရှိ။

ဟံသာဝတီ

သတင်းစာတိုက်ပိုင်ရှင်များ

ကောင်းမှု။